
# မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (မြန်မာနိုင်ငံ – ၂၀၁၂ ခုနှစ်)



၂၀၁၂ခုနှစ် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ ပါဝင်သည်။

## အစီရင်ခံစာအကြောင်း

**မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (LCM)သည်** မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာနိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ပေးသည်။ မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင် တားမြစ်ခြင်း နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ့အဝှမ်းလူသတ်မိုင်းများ ရှင်းလင်းပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည်နိုင်ငံပေါင်း(၇၁) နိုင်ငံတွင်ရှိသော အစိုးရမဟုတ်သောအဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရခဲ့သည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲ ထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက်ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက်များကြောင့် အတိဒုက္ခရောက်မှုများကို ထာဝရအဆုံးသတ်စေရန် စသည်တို့အတွက် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတကာစည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီးဖြစ်သည်။

**မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့**သည် ၁၉၉၇ခုနှစ်မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်အား အကောင်အထည်ဖေါ်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် **ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အဖွဲ့သည်**က ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင် အထည်ဖေါ်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာသည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၂ခုနှစ်အောက်တိုဘာ (၁)ရက်နေ့အထိ ကမ္ဘာ့အစိုးရပေါင်း ၈၀ကျော်က မြေမြှုပ်မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၁ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့် သုံးခြင်းများများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေးထိုးခြင်း မပြုသေးပေ။ ၂၀၁၁ခုနှစ်အထိ မြန်မာနိုင်ငံ လက်နက်ကိုင်တပ်များသည် လူသတ်မိုင်းအားပုံမှန် အသုံးပြုနေသော ကမ္ဘာပေါ်ရှိ တခုတည်းသော နိုင်ငံအဖြစ် ဆက်လက်ရှိနေသေးသည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာသည် မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့အစီရင်ခံစာ (၂၀၁၂ခုနှစ်) နှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ အစီရင်ခံစာ (၂၀၁၂ခုနှစ်)ပါ နိုင်ငံအလိုက်အစီရင်ခံစာအားစုပေါင်းထားခြင်း ဖြစ်သည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါအချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်းစစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်းဆန့်ကျင်တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာဖြစ်သည်။ စာချုပ်အား လက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်းဖြစ်သည်။ ယခုအစီရင်ခံစာသည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပြဿနာ၏အခြေအနေကို ပိုမို သိလာစေရန်၊ လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိလာစေရန်အတွက်ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်းကင်းစင်သောကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက်အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိနားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့်အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသောကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များ အတွက်သာ ဦးတည် လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက် များသာဖြစ်သည်။

၂၀၁၂ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးသုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan)ဖြစ်သည်။ နှစ်စဉ်အစီရင်ခံစာအတွက် သတင်းအချက်အလက်များပေးပို့ကြ သည့် အဖွဲ့အစည်းအားလုံးနှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှု များကိုလည်း အထူးအသိအမှတ်ပြုပါသည်။burma@icblcmc.org။ အစီရင်ခံစာပါသတင်းအချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

---

*မျက်နှာဖုံးဓါတ်ပုံ- ဦးအောင်ခင် (၇၆နှစ်) ထိုင်းနယ်စပ်ဘုရားသုံးဆူဒေသအနီးသူ့အိမ်တွင် ထိုင်နေစဉ်။ ဦးအောင်ခင်သည် လွန်ခဲ့သော ၄၆နှစ်တွင်မိုင်းနင်းမိခဲ့သည်။"ကျနော့်ရွာအနားမှာ မိုင်းစနင်းမိတာ ကျနော်ပထမဦးဆုံးပဲ။ ကျနော်တို့ရွာနားမှာ မိုင်းတွေရှိတယ်ဆိုတာသိလိုက်တော့ တရွာလုံး လန့်ကုန်ကြတယ်။" ဓါတ်ပုံ - Giovanni Diffidenti/Di+onlus*

## မြန်မာနိုင်ငံ

| | |
|---|---|
| **မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောစာချုပ်တွင် ပါဝင်မှုအဆင့် သတ်မှတ်ချက်** | စာချုပ်အဖွဲ့ဝင်နိုင်ငံမဟုတ် |
| **ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တား ဆီးခြင်းအား ထောက်ခံမဲပေးမှုတ်တမ်း** | ယခင်နှစ်များကဲ့သို့ပင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်သော ဆုံးဖြတ်ချက်အမှတ် ၆၆/၂၉ တွင် မဲမပေး ကြားနေမဲအဖြစ် ရပ်တည်ခဲ့သည်။ |
| **မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်မှု** | ၂၀၁၁ ခုနှစ် နိုဝင်ဘာလ မှ ဒီဇင်ဘာလအထိ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ |
| **အဓိကဖြစ်ထွန်းမှုများ** | မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်အား သဘောတူလိုက်နာရန် စဉ်းစားနေသည်ဟု နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုခဲ့သည်။ သမ္မတ ဦးသိန်းစိန်က မိုင်းများရှင်းလင်းပေးရန် အကူအညီ တောင်းခံခဲ့ သည်။ လွှတ်တော်အမတ်များက မိုင်းများရှင်းလင်းရန် လိုအပ်ချက်ကို ထုတ်ဖော် တင်ပြခဲ့ကြသည်။ |

### မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးရေးမူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ[1]သည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို သဘောတူ လက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။ ၁၉၈၈ ခုနှစ်မှစ၍ တိုင်းပြည်အား အုပ်ချုပ်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ) ကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီး စစ်တပ် ကျော ထောက်နောက်ခံ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ (ပြည်ခိုင်ဖြိုးပါတီ) [2]ဦးဆောင်သော အစိုးရသစ်ထံသို့ အာဏာလွှဲပြောင်းပေးခဲ့သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၆၆/၂၉ ချမှတ်ရာတွင် မဲမပေးပဲ ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သော နိုင်ငံ (၁၇) နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့သည်။ ၎င်း ဆုံးဖြတ်ချက်သည် မြေမြုပ်မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်အား ကမ္ဘာလုံးဆိုင်ရာ သဘောတူ စာချုပ် တခုအဖြစ် အသိအမှတ်ပြုရေး တောင်းဆိုထားသည့် ဆုံးဖြတ်ချက်ဖြစ်သည်။ ၁၉၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် အလားတူ ဆုံးဖြတ်ချက်များတွင် ကြားနေနိုင်ငံအဖြစ်သာ အစဉ်တစိုက် ရပ်တည်လာခဲ့သည်။

၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ

---

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်းအတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်းပိတ်နှင့် ဖော်ပြသုံးစွဲမှုမျိုးလည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ်အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။

[2] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ယခင်က စစ်အစိုးရ၏ လူထုအခြေပြုအဖွဲ့အစည်းသဏ္ဌာန်ဖြင့် ဖွဲ့စည်းခဲ့ပြီး စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကနာယကအဖြစ်ပါဝင်ခဲ့သည်။အတိုက်အခံပါတီအမျိုးသားဒီမုကိရေစီအဖွဲ့ချုပ်၏ပါဝင်ခွင့်အား ကန့်သတ်ခဲ့သော ရွေးကောက်ပွဲဖြစ်စဉ်နှင့် အငြင်းပွားဖွယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမှတဆင့် ပြည်ခိုင်ဖြိုးပါတီ အာဏာရလာခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ်တွင် အစိုးရသည် ရွေးကောက်ပွဲဥပဒေအား ပြန်လည်ပြင်ဆင်ခဲ့ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်ခဲ့သည်။ ၂၀၁၂ခုနှစ်ဧပြီလတွင်ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ဝင်များ အနိုင်ရခဲ့သည်။

သည်ဟု မြေမြုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးတွင် အစည်းအဝေးသဘာပတိအားပြောကြားခဲ့သည်။ မြန်မာအစိုးရသည် မြေမြုပ်မိုင်းအသုံးပြုခြင်း မရှိတော့ကြောင်းနှင့် မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း လုပ်ငန်းများ ပါဝင်လာမည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ရန် ကြိုးစားနေကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သဘောတူစာချုပ်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး အထောက်အပံ့ယူနစ်က အစီရင်ခံခဲ့သည်။[3]

၂၀၁၁ ခုနှစ် နိုဝင်ဘာလ မှ ဒီဇင်ဘာလအထိ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်ခဲ့ပြီး ပထမဦးဆုံးအကြိမ်အဖြစ် အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။[4] မြန်မာနိုင်ငံသည် ယခင် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင် တက်ရောက်ခဲ့သည်။ သဘောတူစာချုပ်၏ အခြား အလုပ်အဖွဲ့ဆိုင်ရာအစည်းအဝေးများသို့ မည်သည့်အခါမှ တက်ရောက်ခဲ့ဖူးခြင်း မရှိသေးပေ။ ၂၀၀၉ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော မြေမြုပ်မိုင်းအသုံးပြုမှု ကင်းစင်သော အရှေ့တောင်အာရှဒေသဖြစ်မြောက်ရေး ဘန်ကောက်အလုပ်ရုံဆွေးနွေးပွဲတွင် မြေမြုပ်မိုင်းနှင့်ပတ်သက်ပြီး မြန်မာအစိုးရက အသေးစိတ်ကျကျ တင်ပြခဲ့သည်။[5]

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် နော်ဝေ နှင့် လူဇင်ဘတ်နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ လာရောက် လည်ပတ်စဉ် အတွင်း သမ္မတဦးသိန်းစိန်က မိုင်းရှင်းလင်းရေးအတွက် အကူအညီတောင်းခံခဲ့သည်။ မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အဖြစ် မိုင်းရှင်းလင်းရေးလုပ်ငန်းအတွက် နှစ်နိုင်ငံကြားအကူအညီ တောင်းခံခြင်း ဖြစ်သည်။[6] အစိုးရပိုင် မြန်မာ့အလင်း သတင်းစာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီကလင်တန်က ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် ပူးပေါင်း ဆောင်ရွက်မှုများမှတဆင့် မိုင်းရှင်းလင်းရေးအကူအညီများပေးရန် ဆန္ဒရှိကြောင်းထုတ်ဖော် ပြောဆိုခဲ့သည်။[7]

မြေမြုပ်မိုင်းကိစ္စအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှတ်တော်တွင်လည်း ဆွေးနွေးခဲ့ပြီး တချို့ပြည်နယ် လွှတ်တော်များတွင်လည်း ဆွေးနွေးခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) လွှတ်တော်အစည်းအဝေးတွင် ကယားပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုရေ၊ ကရင်ပြည်နယ်မှ ကိုယ်စားလှယ် ဦးမန်းကန်ညွှန့် နှင့် မကွေးတိုင်းမှ ဦးလှဆွေတို့မှ တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ များနှင့်အတူ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများပါ လုပ်ဆောင်သင့်ကြောင်းနှင့် ထို့နောက် ကျန်းမာရေး၊ ပညာရေး နှင့် အသက်မွေး

---

[3] ၂၀၁၂ ခုနှစ် ဇူလိုင်လ ဖနွိုင်းပင်မြို့တွင် ကျင်းပခဲ့သော ASEAN နိုင်ငံခြားရေဝန်ကြီးများအစည်းအဝေးကျင်းပစဉ် (၁၁)ကြိမ်မြောက် စာချုပ်အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိ Prak Sokhonnအား ဦးဝဏ္ဏမောင်လွင်က အထက်ပါအတိုင်းပြောခဲ့ခြင်းဖြစ်သည်။ "မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းများ အသုံးပြုမှုပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေးယူနစ်။ ၁၂ ဇူလိုင် ၂၀၁၂။ http://bit.ly/Pa7U5b

[4] မြန်မာနိုင်ငံ၏ တင်ပြဆွေးနွေးချက်အများစုသည် ညှိုကလီးယားလက်နက်နှင့် ပတ်သက်ပြီးပိုများသည်။ သို့သော် လူသတ်မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံက တိုင်းပြည်တပြည်၏ အမျိုးသားလုံခြုံရေးကိစ္စရပ်တွင် မိမိကိုယ် မိမိခုခံကာကွယ်ခြင်းကိစ္စကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံ၏ ထုတ်ဖော်ပြောဆိုချက်။ ဦးဝင်းနိုင်၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ ဖနွိုင်းပင်၊ ၂၉ နိုဝင်ဘာ ၂၀၁၂။

[5] "လူသတ်မိုင်းများအား မဆင်မခြင်အသုံးပြုခြင်းသည် စစ်ဖြစ်နေရာဒေသများအတွင်းနေထိုင်နေသော အပြစ်မဲ့အရပ်သားပြည်သူများအား အသက်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရစေနိုင်ကြောင်း မြန်မာနိုင်ငံမှ ယုံကြည်သည်။ လူသတ်မိုင်းများ ဖြန့်ဖြူးခြင်းနှင့် ပြင်ပတင်ပို့ခြင်းကြောင့် မိုင်းထုတ်လုပ်မှု နှင့် နောက်ဆက်တွဲ မဆင်မခြင်အသုံးပြုမှုများ အခွင့်အလမ်းများ ပိုများလာနိုင်သည်။ ထို့ကြောင့် ၎င်းကိစ္စရပ်အား တဆင့်ပြီးတဆင့် ချည်းကပ်ဖြေရှင်းခြင်းသည် အသင့်တော်ဆုံး နည်းလမ်း ဖြစ်သဖြင့် မြန်မာအစိုးရအနေနှင့် ဆက်လက်ဆွဲကိုင်သွားမည်ဖြစ်သည်။ လူသတ်မိုင်းများဖြန့်ဖြူးခြင်းနှင့်ပြည်ပပို့ခြင်း ကိစ္စနှစ်ခုအား လူသတ်မိုင်းအသုံးပြုခြင်းအား လုံးဝပိတ်ပင်တားမြစ်ခြင်းအတူ တပေါင်းတည်း ဖြေရှင်းသင့်သည်ဟု မိမိတို့ယုံကြည်သည်။ လူသူမနီးသော၊ သိမ်မွေ့သော အခြေအနေရှိသည့် ဒေသများတွင် မိုင်းအသုံးပြုမှုထိန်းချုပ်ခြင်း စီမံကိန်းအား ချမှတ်ရန်အတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လုံးဝအရေးကြီးသော အရာတခုဖြစ်သည်။" ဟု အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာအစိုးရက ပြောကြားခဲ့သည်။ ဦးကျော်ဆွေတင့်၏ ပြောဆိုချက်။ ညွှန်ကြားရေးမှူး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြေမြုပ်မိုင်းအသုံးပြုမှု ကင်းစင်သော အရှေ့တောင်အာရှဒေသဖြစ်မြောက်ရေး ဘန်ကောက်အလုပ်ရုံဆွေးနွေးပွဲ။ ၃ ဧပြီ ၂၀၀၉ ။

[6] "Des ouvertures notables," (အထင်ကရ (နိုင်ငံရေး) ပွင့်လင်းလာမှုများ) Le Quotidien (လူဇင်ဘတ် နေ့စဉ်ထုတ်သတင်းစာ)။ ၁၈ ဖေဖော်ဝါရီ ၂၀၁၂။ http://bit.ly/HnmGiy. Norwegian People's Aid ၏ ဌာနေညွှန်ကြားရေးမှူး Andreas Indragard ၏ အဆိုအရ နော်ဝေနိုင်ငံသို့ အကူအညီတောင်းဆိုချက်ကို နော်ဝေရေဒီယိုတွင် ထုတ်လွှင့်ခဲ့သည်။ ရန်ကုန်။ ၁၇ ဖေဖော်ဝါရီ ၂၀၁၂။

[7] " အမေရိကန်အစိုးရမှ မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်ချင်။" မြန်မာ့အလင်း (နေပြည်တော်)၊ ၂ ဒီဇင်ဘာ ၂၀၁၂။ စာမျက်နှာ (၈)။ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ယင်းအကူအညီပေးရန် ကမ်းလှမ်းမှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဌာနမှ ခရီးစဉ်နှင့်ပတ်သက်ပြီး ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို မတွေ့ရပေ။

ဝမ်းကြောင်းမှုများ ပိုမို တိုးတက်လာစေမည့် တခြားဖွံ့ဖြိုးမှုများလုပ်ဆောင်သင့်ကြောင်း တင်ပြခဲ့သည်။ အဆိုပါ တင်ပြချက်အား လွှတ်တော်အစည်းအဝေးတွင် သဘောတူလက်ခံခဲ့သော်လည်း ထိုဆုံးဖြတ်ချက်သည် လက်တွေ့တွင် မည်သည့်သဘောဆောင်သည်ကို မရှင်းလင်းပေ။[8]

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကရင်ပြည်နယ်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကျေးရွာ ခြောက်ရွာ ကိုယ်စား လွှတ်တော်အမတ်တဦးက မေးခွန်းမေးခဲ့သည်။ ထိုရွာခြောက်ရွာစလုံးမှ ရွာသားများသည် လောလောဆယ်မြိုင်ဘွီးဒေသတွင်း နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူများအဖြစ် နေထိုင်နေရသည်။ လွှတ်တော် ကိုယ်စားလှယ်က ၎င်း၏ မဲဆန္ဒရှင်များ ၎င်းတို့နေအိမ်သို့ ပြန်သွားနိုင်ရန်အတွက် အဆိုပါကျေးရွာတဝိုက် ထောင်ထားသော မိုင်းများကို မည်သည့်အချိန်နှင့် မည်ကဲ့သို့ရှင်းလင်းပေးမည်ကို မေးမြန်းခဲ့သည်။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ပြည်နယ်ဝန်ကြီးက တိုးတက်သော ကရင် ဗုဒ္ဓဘာသာတပ်မတော် (DKBA) ထိန်းချုပ်သော ဒေသတွင်သာ မြေမြုပ်မိုင်းများ ရှိကြောင်းနှင့် မြန်မာ့တပ်မတော်သည် ထိုဒေသများတွင် မိုင်းထောင်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ DKBA က ထောင်ထားသော မိုင်းများဖြစ်သဖြင့် DKBA သည် မိုင်းများပြန်ဖော်ရန် အစိုးရထံမှ အကူအညီတောင်းသင့်ကြောင်း အဆိုပါ ပြည်နယ်ဝန်ကြီးက အကြံပြုခဲ့သည်။[9]

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်အား မြန်မာနိုင်ငံအနေဖြင့် လက်ခံသဘောတူရန် တိုက်တွန်းခဲ့သည်။ အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုနှစ်ဖွဲ့စလုံးက မြေမြုပ်မိုင်းဆက်လက်အသုံးပြုနေခြင်းနှင့် နောက်ဆက်တွဲ ထိခိုက်အနာတရဖြစ်မှုစသည်တို့နှင့် ပတ်သက်သည့် စိတ်မချမ်းမြေ့ဘွယ်အစီရင်ခံစာ သူ့အနေဖြင့် ဆက်လက်လက်ခံရရှိနေကြောင်းနှင့် မြန်မာအစိုးရအား "မြေမြုပ်မိုင်းအသုံးပြုမှု အဆုံးသတ်ရေး၊ မြေမြုပ်မိုင်းများ စနစ်တကျပြန်ဖော်ရေးနှင့် မိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ အပါအဝင် မြေမြုပ်မိုင်းအကျိုးဆက်ပြဿနာများကို ဖြေရှင်းရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အစီအစဉ်တခု ရေးဆွဲရန်" အကြံပြုခဲ့သည်။[10] ၂၀၁၁ခုနှစ် ဩဂုတ်လတွင် အထူးကိုယ်စားလှယ်တော် မစ္စတာသောမတ်စ်ဟိုဂျေး ကင်တာနားသည် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်လှမင်းနှင့် တွေ့ဆုံခဲ့ပြီး တပ်မတော်မှ မြေမြုပ်မိုင်းအသုံးပြုခြင်းကို ရှောင်ရှားရန် အကြံပြုခဲ့သည်။ တပ်မတော်၏ အင်အားအရ မယှဉ်သာသော သောင်းကျန်းသူများကသာ မြေမြုပ်မိုင်း အသုံးပြုခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောဆိုခဲ့သည်။[11]

၂၀၁၁ ခုနှစ် မတ်လတွင် အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ဥက္ကဋ္ဌသည် ICBL အား ၎င်း၏ပါတီမူဝါဒသည် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းအား ထောက်ခံကြောင်းနှင့် NDF သည် လွှတ်တော်အတွင်း အဆိုပါကိစ္စအား တင်ပြမည်ဟု အကြောင်းကြားခဲ့သည်။[12] ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းက "မိုင်းများကို

---

[8] "ပထမအကြိမ်အမျိုးသားလွှတ်တော်အစည်းအဝေး၏ ၅ ရက်မြောက် တတိယပုံမှန်အစည်းအဝေး။" မြန်မာ့အလင်း။ ၁၈ ဖေဖော်ဝါရီ ၂၀၁၂။ စာမျက်နှာ (၁၀)။ ၎င်းတင်ပြမှုအား မည်သည့်အစိုးရ အေဂျင်စီမှ လက်တွေ့အကောင်ဖော်ဆောင်ရမည်ကို မသိရ။

[9] မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ဖလုံစဝေါဒီမိုကရက်တစ်ပါတီမှ ကရင်ပြည်နယ်လွှတ်တော်အမတ် မင်းအောင်လင်းနှင့်တွေ့ဆုံမေးမြန်းခြင်း။ ဘားအံ့။ ၂၀၁၂ ဖေ ၁၇။ နောက်ဆက်တွဲတယ်လီဖုန်းအင်တာဗျူး ၂၀၁၂ မတ် ၇။ ကျေးရွာ ၆ ရွာမှာ မဆစ်၊ ပီလကြီး၊ ပစ်စနေ၊ ပီပန၊ ပီရကျော် နှင့် ကျင်ဗွီးကျေးရွာများမှ မဲဆန္ဒရှင်များဖြစ်သည်။

[10] UNGA, "Report of the Special Rapporteur on the situation of human rights in Myanmar," A/66/365, 16 September 2011, para. 31-96, http://bit.ly/IrOq5b.

[11] လူ့အခွင့်အရေးအထူးကိုယ်စားလှယ်တော် မစ္စတာသောမတ်စ်ဟိုဂျေးကင်တားနာနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး၊ပြည်ထဲရေးပြည်ထောင်စုဝန်ကြီးဒုဗိုလ်ချုပ်ကြီးကိုကို၊ကာကွယ်ရေးပြည်ထောင်စုဝန်ကြီးဗိုလ်မှူးချုပ်လှမင်း၊နိုင်ငံခြားရေးပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်၊အလုပ်သမားနှင့်လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ပြည်ထောင်စုတရားရှေ့နေချုပ်ဒေါက်တာထွန်းရှိန် နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်း တို့နှင့် သီးခြားတွေ့ဆုံဆွေးနွေးပွဲများ။ မြန်မာအလင်းသတင်းစာ။ ဩဂုတ် ၂၆ ၂၀၁၁။ စာ (၅)

[12] ICBL နှင့် ဒေါက်တာသန်းငြိမ်း (NDF ဥက္ကဋ္ဌ) အပါအဝင်တခြား ပါတီဗဟိုအလုပ်အမှုဆောင်များ အစည်းအဝေး။ ရန်ကုန်။ မတ် ၂ ၂၀၁၁။ NDF သည် ၂၀၁၀ အောက်တိုဘာ ရွေးကောက်ပွဲတွင် အမတ်နေရာတချို့ အနိုင်ရခဲ့သည်။

ယဉ်ကျေးသော လူ့အဖွဲ့အစည်းတွင် လူသားချင်းစာနာမှုနှင့် ဘာသာရေးအရပါ တားမြစ်ပိတ်ပင်ရမည်။" ဟု ICBL သို့ ပြောကြားခဲ့သည်။[13] ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် နှင့် ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်နေသူ ဒေါ်အောင်ဆန်းစုကြည်က လက်နက်ကိုင်အားလုံးအား "မိုင်းအသုံးပြုမှုအားလုံးကို ရပ်ဆိုင်းသင့်ကြောင်းနှင့် အဖွဲ့အစည်းအားလုံးမှ "မိမိတဖက်ရန်သူမှ စလုပ်တာကိုမစောင့်ပဲ ကိုယ်ကစတင်၍ စစ်ဆင်ရေး အားလုံးတွင် မြေမြှုပ်မိုင်းအသုံးပြုမှုအား စတင်ပိတ်ပင်သင့်ကြောင်း" တောင်းဆိုခဲ့သည်။[14]

၂၀၀၃ ခုနှစ်တွင် ICBL မှ စတင်ဖေါ်ဆောင်ခဲ့သော မြန်မာနိုင်ငံအတွင်းမိုင်းအသုံးပြုမှုရပ်တန့်ရေးလှုပ်ရှားမှုမှတဆင့် မြန်မာဘာသာဖြင့် ရေးသားထားသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ အုပ်ရေ ၁၅၀၀ အား ဖြန့်ဖြူးခဲ့သည်။ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ရန်ကုန်အခြေစိုက် ကမ္ဘာ့ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ သတင်းစီမံခန့်ခွဲရေး ယူနစ်နှင့် တွဲဖက်၍ မိုင်းဖြန့်ကျက်တည်ရှိမှု မြို့နယ်များ နောက်ဆုံးအခြေအနေပြ မြေပုံကို ထုတ်ဝေခဲ့သည်။[15]

မြန်မာနိုင်ငံသည် သမာရိုးကျလက်နက်များ အသုံးပြုခြင်းဆိုင်ရာ သဘောတူစာချုပ်များအဖွဲ့ဝင် နိုင်ငံတခု မဟုတ်ပေ။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်ရေးဆိုင်ရာ သဘောတူစာချုပ်အား သဘောတူလက်ခံခဲ့သည်။

## အသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရမဟုတ်သော တပ်ဖွဲ့များ၏ လူသတ်မိုင်း အသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ အစီရင်ခံစာရေးသားချိန် (၂၀၁၁ နှစ်လည် မှ ၂၀၁၂ နှစ်လည်အထိ) စောင့်ကြည့်ရေးအဖွဲ့မှ လက်ခံရရှိသော သတင်းအချက်အလက်များအရ မိုင်းအသစ်အသုံးပြုမှု လျော့နည်းသွားကြောင်းနှင့် ထိခိုက်မှုသည်လည်း နေရာအကန့်အသတ်တွင်သာ ဖြစ်ပေါ်ကြောင်း တွေ့ရှိရသည်။ တိုင်းပြည်အတွင်း ဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှု (သို့မဟုတ်) တခြားအချက်အလက်များကြောင့် ဖြစ်ထွန်းမှုအသစ်တခု၏ အစအဖြစ် မှတ်ယူရန်အတွက် သေသေချာချာ မသဲကွဲသေးပေ။ ၂၀၁၂ ခုနှစ်ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီးဦးဝ**ဏ္ဏမောင်လွင်က** အစိုးရတပ်ဖွဲ့များသည် မြေမြှုပ်မိုင်းအား ဆက်လက်အသုံးပြုတော့ခြင်းမရှိဟု အခိုင်အမာပြောဆိုခဲ့သဖြင့် အပြုသဘော ဆောင်သော ခြေလှမ်းတခုအဖြစ် မြင်တွေ့ခဲ့သည်။[16]

အတိုချုပ်ကြည့်ပါက ၂၀၁၁ ခုနှစ် အောက်တိုဘာတွင် တပ်မတော်သည် ကချင်ပြည်နယ်အတွင်း မိုင်းအသုံးပြုခဲ့သည်ဟူသော စွပ်စွဲချက်တခုသာ ရှိသည်။ ၂၀၁၁ ခုနှစ်နှောင်းပိုင်းတွင် မိုင်းအသုံးပြု နောက်ထပ်တဦး ထပ်ပေါ်ခဲ့သည်။ ထိုသူများမှာ ယခင် လက်နက်ကိုင်အတိုက်ခံတပ်ဖွဲ့များဖြစ်ပြီး ယခုအချိန်အစိုးရအုပ်ချုပ်မှုအောက်ရှိ နယ်ခြားစောင့်တပ်များ (BGF) ဖြစ်သည်။ ၂၀၁၂ခုနှစ်တွင် တပ်မတော်မှ မိုင်းအသုံးပြုခြင်းနှင့် ပတ်သက်၍ မည့်သည့် အစီရင်ခံစာမှ ထွက်ပေါ်လာခြင်းမရှိပေ။ ထို့အပြင် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များ၏ မိုင်းအသုံးပြုမှုသည်လည်း ယခုအစီရင်ခံစာကာလအတွင်း လျော့ကျသွားခဲ့သည်။ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် အသစ် အသုံးပြုများမှအပ လျော့နည်း

---

[13] ဗိုလ်ချုပ်ကြီးသူရတင်ဦး၏ ပြောဆိုချက်။ ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ ရန်ကုန်၊ ဖေ ၂၇ ၂၀၁၁။ ပြောဆိုချက်အပြည့်အစုံအား www.burma.icbl.org တွင် ရရှိနိုင်သည်။

[14] ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်။ ရန်ကုန်၊ ဖေ ၂၈ ၂၀၁၁။ ပြောဆိုချက်အပြည့်အစုံအား www.burma.icbl.org တွင် ရရှိနိုင်သည်။

[15] စတုတ္ထအကြိမ်မြောက်တည်းဖြတ်ခြင်းဖြစ်သည်။ UN MIMU ဝဒ်ဆိုက် http://bit.ly/MjS08t တွင်ရရှိနိုင်ပါသည်။

[16] နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ကြိမ်မြောက်အစည်းအဝေးသဘာပတိ Prak Sokhonnအား အထက်ပါအတိုင်း ပြောကြားခဲ့သည်။၂၀၁၂ ခုနှစ် ဖနွမ်ပင်တွင်ကျင်းပသော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း အလွတ်သဘောတွေ့ဆုံခြင်း။ "“မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အကောင်အထည်ဖေါ်ခြင်း အထောက်အပံ့ယူနစ်။ ဇူလိုင် ၁၂ ၂၀၁၂။ http://bit.ly/Pa7U5b.

လာသည်ကို တွေ့ခဲ့ရသည်။ စိတ်မကောင်းဖွယ်တခုမှာ အရပ်သားပြည်သူများမှ မိုင်းအသုံးပြုမှုနှင့် မိုင်းထုတ်လုပ်မှု ရှိနေခြင်းကို လေ့လာတွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

## အစိုးရတပ်ဖွဲ့များ

၁၉၉၉ ခုနှစ် မြေမြုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့မှ အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြန်မာ အစိုးရ တပ်ဖွဲ့များသည် နှစ်စဉ်နှစ်တိုင်း တိုင်းပြည်အနှံ့အပြား မိုင်းအသုံးပြုသည်ကို တွေ့ခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် တပ်မတော်မှ လူသတ်မိုင်းအသုံးပြုသည်ဟု စွပ်စွဲချက်ထွက်ပေါ်ခဲ့သောနေရာသည် ကချင်ပြည်နယ်ဖြစ်သည်။ ကချင်ပြည်နယ်တွင် တပ်မတော်တပ်ဖွဲ့များသည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ဖြစ်ပွားနေသော တိုက်ပွဲများ အတွင်း မြေမြုပ်မိုင်းအသုံးပြုနေသည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်ခဲ့သည်။ ၂၀၁၁ခုနှစ် အောက်တိုဘာလ မိုးမောက် မြို့နယ်တွင်း မြန်မာအစိုးရတပ်ဖွဲ့များ ထောင်ထားသော မိုင်းကို KIA စစ်သားများ နင်းမိသည်ဟု လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (HRW) က အစီရင်ခံခဲ့သည်။[17] ထို့အပြင် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် KIA အား ၎င်းဖမ်းမိသော တပ်မတော်သားများထံမှ မြေမြုပ်မိုင်းများ သိမ်းဆည်းရမိသည်ဟု ပြောဆိုသည်။[18]

၂၀၁၂ ခုနှစ် မတ်လတွင် ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာမှုရေးရာ တာဝန်ခံညှိနှိုင်းရေးရုံး (OCHA) က လက်နက် ကိုင် တိုက်ပွဲများအတွင်း ကချင်ပြည်နယ်၊ ကျေးရွာများတဝိုက်မြေမြုပ်မိုင်းများထောင်သည်ဟူသော အစီရင်ခံစာများ ထွက် ပေါ်လာခြင်းကြောင့် စခန်းအတွင်းရှိပြည်သူများအား မိုင်းအန္တရာယ်ပညာပေးမှုများလုပ်ဆောင်ပေးရန် တောင်းဆို ခဲ့သည်။[19] ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အသစ်ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ကချင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ "အပြစ်မဲ့အရပ်သား ပြည်သူများ အပေါ် ဆိုးဝါးစွာထိခိုက်နစ်နာမှုဖြစ်စေသော မြေမြုပ်မိုင်းအသုံးပြုခြင်းအား ရှောင်ကျဉ်ရန် ကော်မရှင်အနေနှင့် အကြံပြု လိုပါသည်။" ဟု အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။[20] အရပ်သားဟုဆိုသော်ငြား သီးခြားလွတ်လပ်မှု လုံးလုံးငြားငြား မရှိသေး သည့် အစိုးရအဖွဲ့အစည်းတခုက မြေမြုပ်မိုင်းအသုံးပြုခြင်းအား ရပ်တန့်ရန် ပထမဦးဆုံးအကြိမ်အဖြစ် တောင်းဆို လိုက်ခြင်း ဖြစ်သည်။

## နယ်ခြားစောင့်တပ်ဖွဲ့

အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအား တပ်မတော်အုပ်ချုပ်မှုတွင်ထားရှိမည့် နယ်ခြားစောင့် တပ်ဖွဲ့(BGF)[21]များအဖြစ် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင် အသွင်ကူးပြောင်းရန် တောင်းဆိုခဲ့သည်။ တချို့လက်နက် ကိုင်အဖွဲ့များ လိုက်နာပူးပေါင်းခဲ့သည်။ BGF များသည် ဒေသဆိုင်ရာတပ်မတော်စစ်ဌာနချုပ် အုပ်ချုပ်မှုအောက်တွင် ရှိရမည် ဖြစ်သော်လည်း ၎င်းတို့သည် လက်နက်ကိုင်အဖွဲ့အစည်းတခုအဖြစ် တပ်ဖွဲ့စည်းပုံနှင့်စစ်ဆင်ရေးဒေသများကို

---

[17] Human Rights Watch Report, "Untold Miseries: Wartime Abuses and Forced Displacement in Kachin State," 20 March 2012, http://www.hrw.org/reports/2012/03/20/untold-miseries.

[18] Phanida, "KIO ကတိုက်ပွဲအတွင်း မြန်မာစစ်သား ၇ ဦး ဖမ်းဆီးမိခြင်း။"မဇ္ဈိမသတင်းအေဂျင်စီ၊ ဇူလိုင် ၂၀ ၂၀၁၁။ http://bit.ly/rqbdru

[19] UN OCHA. "ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအခြေအနေနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းအစီအစဉ်"၊ မတ် ၂၀၁၂ နောက်ဆုံးအခြေအနေ။ htpp://bit.ly/zgktMC.

[20] "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထုတ်ပြန်ကြေငြာချက်" မြန်မာ့အလင်းသတင်းစာ။ ၁၄ ဒီဇင်ဘာ ၂၀၁၁။ စာ (၉)။ နိုင်ငံတော်အစိုးရသည် မိုင်းထိပြည်သူများအတွက် အခြေခံကျန်းမာရေးလိုအပ်ချက်ဖြည့်ဆည်းပေးသဖြင့် ပြည်သူများ၏ အသက်ကိုကယ်တင်နိုင်သည်ဟု အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။

[21] မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်အခြေခံဖွဲ့စည်းပုံအရ တိုင်းရင်းသားဒေသများတွင် အခြေစိုက်သော လက်နက်ကိုင်အဖွဲ့အများစုအား အမျိုးသားတပ်မတော်၏ အုပ်ချုပ်မှု အောက်တွင်ထားရှိရမည်။ ထို့ကြောင့် ၂၀၁၀ခုနှစ်ဧပြီလတွင် ယခင်နဖအ စစ်အစိုးရက တပ်မတော်နှင့် အပစ်အခတ်ရပ်ဆဲထားသော လက်နက်ကိုင်အဖွဲ့အားလုံးကို နယ်ခြား စောင့်တပ်အဖြစ် အသွင်ပြောင်းရန် တောင်းဆိုခဲ့သည်။ အသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်တွင် ကနဦးလက်နက်ဖြုတ်ခြင်း၊ နောက်တွင် အစိုးရထံသို့ လက်နက်အပ်ခြင်းနှင့် ဒေသဆိုင်ရာတပ်မတော်စစ်ဌာနချုပ်၏ အုပ်ချုပ်မှုအောက်သို့ ၎င်းတို့တပ်များ အပ်နှံရမည်ဖြစ်သည်။ ၎င်းကိစ္စကြောင့် တိုင်းပြည်အနှံ့အပြားတင်းမာမှု များဖြစ်ပေါ်လာခဲ့ပြီး အထူးသဖြင့် ကချင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။

ဆက်လက် အုပ်ချုပ်ပိုင်ခွင့် ရှိသည်။ BGF တပ်ဖွဲ့များသည် ၎င်း၏စစ်ဆင်ရေးများကို တပ်မတော်၏ ညွှန်ကြားချက်အောက်မှသော်လည်းကောင်း သူ့သဘောနှင့်သူ လုပ်ဆောင်နေသလားဆိုတာ မရှင်းလင်းပေ။ BGF များ စတင် ဖွဲ့စည်းသည့်အချိန်မှစ၍ လူသတ်မိုင်းများ အသုံးပြုလာသည့်ပုံစံ ရှိသည်။

BGF တပ်ဖွဲ့များက ဖာပွန်မြို့နယ် ပရာဒေးမူကျေးရွာမှ ရွာသားများအား ၎င်းတို့မိုင်းထောင်ထားသောကြောင့် ရွာသို့ မပြန်ကြရန် ရွာသားများကိုပြောခဲ့သည်ဟု ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်သော မြန်မာပြည်လွတ်မြောက်ရေး ရိန်းဂျားများ (FBR) က ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် တင်ပြခဲ့သည်။[22]

၂၀၁၁ ခုနှစ်အောက်တိုဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)၏ အဆိုအရ BGF တပ်ဖွဲ့တဖွဲ့သည် ကရင့်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင်တပ်ဖြစ်သော ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ လှုပ်ရှားမှုအား ကန့်သတ်ရန်အတွက် မြဝတီမြို့နယ်အတွင်း လယ်ကွင်းများအနီးတွင် မြေမြှုပ်မိုင်းများ ထောင်ခဲ့သည် ဟု ဆိုသည်။ BGF တပ်ဖွဲ့အတွက် အလုပ်လုပ်ပေးနေရသော ရွာသားတဦးသည် BGF ထောင်ထားသော မိုင်းတက်နင်းမိခဲ့သည်။ ထိုဒေသအတွင်း မိုင်းအလုံး ၅၀၀ ထောင်ရမည်ဟု ၎င်းတို့ကိုအမိန့်ပေးထားသည်ဟု BGF များက ပြောဆိုသည်ဟုလည်း သတင်းများ ထွက်ပေါ်ခဲ့သည်။[23]

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် BGF များသည် ဘားအံမြို့နယ် တဖိုးကျော်ကျေးရွာ၊ ထီးကလေးနှင့် နို့ကေရွာ များတွင် မိုင်းထောင်ခဲ့သည်ဟု ဆိုသည်။ မိုင်းထောင်သည့်အခါများတွင် ရွာသားများအား ပေါ်တာဆွဲ၍ မိုင်းများသယ်ခိုင်း သည်ဟူသော စွပ်စွဲချက်များလည်း ရှိခဲ့သည်။ မိုင်းကြောင့် မွေးမြူရေးတိရိစ္ဆာန်များစွာ သေဆုံးခဲ့ရသည်။[24] မြဝတီမြို့နယ် မှ ရွာသားများက ၎င်းတို့ဒေသအတွင်း စက်တင်ဘာလတွင် KNLA နှင့် BGF နှစ်ဖွဲ့စလုံးမှ မိုင်းများထောင်ခဲ့သည်ဟု ပြောဆိုခဲ့သည်။ [25]

ဖာပွန်မြို့နယ် အရှေ့ဖက်တွင် BGF များ မိုင်းထောင်ထားခြင်းကြောင့် အနည်းဆုံးအရပ်သားလေးဦး သေဆုံးခဲ့ရကြောင်း၊ ရွာသားများကို လမ်းပြအဖြစ် ခိုင်းစေပြီး BGF များအတွက် မိုင်းရှင်းပေးခဲ့ရကြောင်း ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ရွာသားမျာက ပြောဆိုခဲ့သည်။ BGF များသည် ထိုဒေသအတွင်း မိုင်းအလုံးရေ ၂၀၀ မှ ၃၀၀ အထိ ထောင်ခဲ့သည်ဟု ရွာသားများက ပြောဆိုသည်။[26]

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ဖာပွန်မြို့နယ် အနောက်တောင်ဖက်ခြမ်းတွင် ယခင်က BGF အဖြစ် ပြောင်းလဲခဲ့သော တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) ၎င်းဒေသမှ ရုပ်သိမ်းစဉ် ရွှေမိုင်းသို့သွားမရရန် တောင်စောင်းတွင် မိုင်းထောင်ခဲ့သည်။ ၎င်းမြေမြှုပ်မိုင်းများကြောင့် ဒေသခံလယ်သမားများ လယ်ထဲဆင်းမရ ဖြစ်ခဲ့ရသည်။[27]

## *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ အသုံးပြုမှု*

၁၉၉၉ ခုနှစ်မှစ၍ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် လူသတ်မိုင်းများ အသုံးပြုခဲ့သည်။ သို့သော် ၎င်းတို့အနက် တချို့သောအဖွဲ့အစည်းများသည် အဖွဲ့အစည်းအဖြစ် ရပ်တည်ခြင်းမရှိတော့ (သို့မဟုတ်)

---

[22] Free Burma Rangers, "FBR REPORT: မြောက်ပိုင်းကရင်ပြည်နယ်အတွင်း အစိုးရတပ်များက လူထုအပေါ်ဆက်လက်ဖိနှိပ်မှုလုပ်နေဆဲအချိန်တွင် ခရစ်စမတ်အကြိုနေ့တွင် ရွာသားတဦး သေနတ်နှင့်အပစ်ခံရပြီး၊သေသည့်အထိရိုက်နှက်ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်ဒီဇင်ဘာလ။" ၂၀၁၂ ဇန် ၃၀

[23] မြေမြှုပ်မိုင်းသတင်းအချက်လက်။ ဇန် ၂၀၁၁ - ဒီ ၂၀၁၁။ ၂၀၁၂ ဧပြီ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက်သတင်းအချက်အလက်စုဆောင်းပေးသည်။" ကရင်လူ့အခွင့်အရေးအဖွဲ့။

[24] Ibid

[25] ဘားအံနောက်ဆုံးအခြေအနေ။ စက်တင်ဘာ ၂၀၁၁။"ကရင်လူ့အခွင့်အရေးအဖွဲ့၊ နိုဝင်ဘာ ၂၀၁၁။ http://bit.ly/HC12MZ.

[26] မြေမြှုပ်မိုင်းသတင်းအချက်လက်။ ဇန် ၂၀၁၁ - ဒီ ၂၀၁၁။ ၂၀၁၂ ဧပြီ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက်သတင်းအချက်အလက်စုဆောင်းပေးသည်။" ကရင်လူ့အခွင့်အရေးအဖွဲ့။

[27] ဖာပွန်နောက်ဆုံးအခြေအနေ။ဒွယ်လိုမြို့နယ်။ မေ ၂၀၁၁။"ကရင်လူ့အခွင့်အရေးအဖွဲ့၊ စက်တင်ဘာ ၂၀၁၁။ http://bit.ly/Ht2Uq8

မိုင်းအသုံးပြုခြင်း မရှိတော့ပေ။ လွန်ခဲ့သော ငါးနှစ်အတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ လူသတ်မိုင်းအသုံးပြုခြင်းအား စွန့်လွှတ်သည်ဟု တရားဝင်ထုတ်ပြန်ခြင်း မရှိခဲ့ပေ။ ပြီးခဲ့သည့်ကာလများတွင် တချို့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ဆွတ်ဇ် အန်ဂျီအိုတခုဖြစ်သော Geneva Call မှ ဆောင်ရွက်သော ကတိကဝတ်ပြု သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီး လူသတ်မိုင်းအသုံးပြုခြင်းကို တဖက်သတ်စွန့်လွှတ်ခဲ့သည့် သာဓကများရှိခဲ့သည်။[28] ၂၀၁၂ ခုနှစ် မတ်လတွင် Geneva Call သည် KNLA နှင့် လူသားချင်းစာနာသော မိုင်းလုပ်ငန်းအကြောင်း အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။[29]

အစိုးရသည် ၂၀၁၁ ခုနှစ်အတွင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များရယူသွားရန် ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အစိုးရသည် အစိုးရဆန့်ကျင်လက်နက်ကိုင် အဖွဲ့အစည်း လေးဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူရန် ဆွေးနွေးပွဲကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ အစည်းအဝေးပေါင်းများစွာ ဆက်တိုက်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးများအနက် တချို့အစည်းအဝေးများတွင် မိုင်းရှင်းလင်းရေး ကိစ္စလိုအပ်ချက်ကို ဖေါ်ပြခဲ့သည်။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးစားနေကြောင်းနှင့် မိုင်းအသုံးပြုမှုတားမြစ်ခြင်း ကိစ္စလည်း ပါဝင်လာနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ၂၀၁၂ ဇူလိုင်လတွင် ပြောဆိုခဲ့သည်။[30] သို့သော် ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့အထိ အပစ်အခတ်ရပ်စဲထားသော မည်သည့်ဖက်ကမှ တရားဝင်မိုင်းအသစ် အသုံးပြုခြင်းအား ရပ်တန့်သည်ဟု ပြဌာန်းထားခြင်း မရှိသေးပေ။ ကချင်လွတ်လပ်ရေးအဖွဲ့/တပ်မတော် (KIO/KIA)နှင့် ဖြစ်ပွားနေသော မိုင်းစစ်ဆင်ရေး အပါအဝင်၊ ကရင်ပြည်နယ်အတွင်းရှိ တခြားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်နေသော ပဋိပက္ခအကြား မိုင်းအသုံးပြုမှု ဆက်လက်ရှိနေသေးသည်။ သာဓကအားဖြင့် ၂၀၁၂ ခုနှစ်ဧပြီလတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းရှိ ရွာသားများက ၎င်းတို့ကျေးရွာများအနီး KNLA က မိုင်းထောင်ထားသည်ဟု KHRG သို့ ပြောဆိုခဲ့သည်။[31]

KIA အား ဗဟိုစစ်တပ်ထိန်းချုပ်မှုအောက်သို့ထားမည့် BGFသို့ အသွင်ကူးပြောင်းခိုင်းကို လက်မခံသောကြောင့် တင်းမာမှုများ ပိုများလာသဖြင့် ကချင်ပြည်နယ်အတွင်း ပြည်သူလူထုအား KIA မှ မိုင်းများထောင်ထားသည်ဟု ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် KIA က ထုတ်ပြန်ကြေငြာချက်ထုတ်၍ အများပြည်သူအား သတိပေးခဲ့သည်။[32] မြစ်ကြီးနားမြို့နယ်တွင် KIA အဖွဲ့ဝင်တဦးထံမှ လက်လုပ်လူသတ်မိုင်း အလုံး ၃၀ နှင့်အတူ တပ်မတော်မှ ဖမ်းမိခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာတွင် ဖေါ်ပြခဲ့သည်။[33] စစ်ဆင်ရေးတခုတွင် KIA ဖက်မှ တခြားလက်နက်များနှင့်အတူ အမျိုးအမည်မသိ မိုင်း

---

[28] ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော်သည် ၂၀၀၆ ခုနှစ် ဇူလိုင်တွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူဒီမိုကရက်တစ်တပ်ဦး(LDF)၊ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် နှင့်PPLO/ပအို့ဝ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဇွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖေါ်ပြခဲ့သည်။

[29] Geneva Call, "သတင်းစာစောင်၊ အတွဲ ၁၀၊ အမှတ် ၁။" မေ ၂၀၁၂၊ စာ (၁)။www.genevacall.org/news/newsletters/f-newsletters/2001-2010/GC_newsletter_2012_may.pdf.

[30] နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ကြိမ်မြောက်အစည်းအဝေးသဘာပတိ Prak Sokhonnအား အထက်ပါအတိုင်း ပြောကြားခဲ့သည်။၂၀၁၂ ခုနှစ် ဖနွမ်ပင်တွင်ကျင်းပသော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝးအတွင်း အလွတ်သဘောတွေ့ဆုံခြင်း။ "'မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အကောင်အထည်ဖေါ်ခြင်း အထောက်အပံ့ယူနစ်။ ဇူလိုင် ၁၂ ၂၀၁၂။ http://bit.ly/Pa7U5b.

[31] KNLA တပ်ဖွဲ့များနှင့် BGFများအကြား လက်နက်ကိုင်တပ်ပွဲများရှိနေခြင်းကြောင့်။ "ဘားအံ့နောက်ဆုံးအခြေအနေ။ တနေစဲ မြို့နယ်။ စက်တင်ဘာ ၂၀၁၁ မှ ဧပြီ ၂၀၁၂" KHRG, ဇူလိုင် ၂၀၁၂။ http://bit.ly/Nvt27J.

[32] " ကချင်အုပ်စု မိုင်းထိပြည်သူမိသားစုများအတွက် ငွေကြေးထောက်ပံ့။" မဇ္ဈိမ၊ အောက်တိုဘာ ၁၈ ၂၀၁၀။ http://bit.ly/9m4Cai.

[33] မြန်မာသတင်းအေဂျင်စီ (MNA)။ "KIA ပြည်သူ့စစ်တဦး မြစ်ကြီးနားမြို့တွင် ဖေါက်ခွဲရေးပစ္စည်းများနှင့်အတူဖမ်းဆီးရမိ။" မြန်မာ့အလင်းသတင်းစာ။ မေ ၂၄ ၂၀၁၁။ စာ (၂)

(၁၇)လုံး သိမ်းဆည်းရခဲ့သည်ဟု အစိုးရက ၂၀၁၁ ခုနှစ် အောက်တိုဘာနှင့် ဒီဇင်ဘာလတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။[34] ၂၀၁၁ ခုနှစ် နှောင်းပိုင်းတွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) နှင့် KNLA အဖွဲ့ဝင်များ လက်နက်ချစဉ် မိုင်းများပြန်လည်ဖေါ်ယူခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖေါ်ပြခဲ့သည်။[35]

## *အရပ်သားမိုင်းအသုံးပြုမှု*

တိုင်းပြည်၏ အရှေ့ဖက်ခြမ်းဒေသတချို့တွင် သာမန်အရပ်သားပြည်သူများနှင့် ကျေးရွာစောင့်များက မိုင်းများအသုံးပြုနေသည်ဟူသော အစီရင်ခံစာများ ရှိသည်။ သာမန်အရပ်သားများသည် ၎င်းတို့ရွာအတွင်းသို့ တပ်မတော် ဝင်ရောက်ခြင်းအား ကာကွယ်ဟန့်တားရန်အတွက် လူသတ်မိုင်းများအသုံးပြုမှု တချို့ရှိသည်ဟု KHRG က အစီရင်ခံသည်။ ထိုအလေ့အထသည် ဖာပွန်မြို့နယ်မြောက်ဖက် ကျေးရွာစု လေးစုတွင် အထူးအသုံးပြုနေသည်ကို တွေ့ရသည်။ KHRG ၏ အဆိုအရ ထိုဒေသအတွင်းရှိ ရွာသားများက သူတို့မိုင်းလိုချင်သည်ဟု ပြောဆိုသည်။ KNLA သည်မိုင်းလုပ်နည်းနှင့် မိုင်းလုပ်ရန် ပစ္စည်းများထောက်ပံ့ပေးကြောင်း၊ တချို့လည်း မိုင်းသင်တန်းပြီးစီးအောင် တက်ခဲ့ရကြောင်း၊ သို့သော်လည်း ၎င်းတို့လိုသလောက်မရကြောင်း ရွာသားများက ပြောဆိုသည်။ ထိုဒေသမှ ရွာသားများ မိုင်းအသုံးပြုရခြင်းသည် ၎င်းတို့ဒေသအား တပ်မတော်စခန်းအားလုံးမှ ပတ်ပတ်လည်ဝိုင်းထားသဖြင့် တခြားမည်သည့်ဒေသကိုမှ ထွက်သွားရန် မရှိခြင်းကြောင့် အခုလို အသုံးပြုရကြောင်း KHRG က ပြောဆိုသည်။ တခြားဒေသရှိရွာသားများသည် မည်သည့်အဖွဲ့မှ မဆို မိုင်းအသုံးပြုခြင်းသည် ၎င်းတို့အသက်အိုးအိမ်ကိုထိပါးနိုင်သည့်အန္တရာယ်တခုအဖြစ် မြင်ကြောင်း KHRG က ပြောဆိုသည်။

၂၀၁၁ ခုနှစ် မတ်လတွင် ဖာပွန်မြို့နယ် လာမူဘလောကျေးရွာစုမှ ရွာသားတဦးသည် KHRG အား တပ်မတော်စခန်းများအနီး ရှေ့တန်းစစ်မျက်နှာနှင့်ထိစပ်သောဒေသအတွင်း လယ်ယာထွန်ယက်နိုင်ရန်အတွက် ရွာသားများက မိုင်းအသုံးပြုရသည်ဟု ပြောဆိုခဲ့သည်။ "နအဖ (တပ်မတော်) စစ်သားတွေ လာလို့ မိုင်းနင်းမိရင် သူတို့လှည့်ပြန်မယ် ဒါမှမဟုတ် ကျနော်တို့လည်း ပြန်လှည့်ပြေးနိုင်တယ်။ သတိပေးသံတခုအနေနဲ့ ကျနော်တို့ အသုံးပြုပါတယ်။" ဤနေရာအတွင်း မိုင်းအလုံးရေမည်မျှထောင်ထားသနည်းဟု ရွာသားများကို မေးသည့်အခါ တရာကျော်ဟု ရွာသားများက ပြန်ဖြေခဲ့သည်။ အရပ်သားရွာကင်းအဖွဲ့မှ ထောင်ထားသောမိုင်းကို တရွာတည်းနေ ရွာသားတဦး တက်နင်းမိခဲ့သည်။ "ရှေ့တန်းမှာရှိတဲ့ ကျနော် တောင်ယာကိုပြန်ပြီး အလုပ်လုပ်တဲ့အချိန် မိုင်းတက်နင်းမိတာပဲ။ ကျနော်တို့လူတွေထောင်ထားတဲ့မိုင်းပဲ။ နအဖ စစ်တပ်မိုင်းမဟုတ်ဘူး" ဟု သူကပြောသည်။[36]၂၀၁၁ခုနှစ် အောက်တိုဘာလတွင် ဖာပွန်မြို့နယ်မှ ရွာသားတဦးမှ KHRG အား ၎င်းတို့ရွာအတွင်းသို့ တပ်မတော်မှ ဝင်ရောက်နိုင်သည့်လမ်းများတွင် မိုင်းထောင်ရန်အတွက် အဖြူ၊ အမဲယမ်းမှုန့်နှင့် မြေမြုပ်မိုင်းလုပ်ပုံ၊ တခြားသူများထံမှ စနက်တံရရှိပုံတို့ကို ရှင်းပြခဲ့သည်။ [37]

[34] "ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်အတွင်း တပ်မတော်စစ်ကြောင်းများမှ လက်နက်များ၊ ကျည်ဆံများ၊ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရေးစက်ပစ္စည်းများ သိမ်းဆည်းရမိ။ မြန်မာ့အလင်းသတင်းစာ၊ အောက်တိုဘာ ၁၁ ၂၀၁၁။ စာ (၁၆) နှင့် "မိုးကောင်းမြို့နယ် ထိုပုံးဘူတာရုံ နှင့် ရှားမော ဘူတာရုံကြား ပေါက်ကွဲမှု ငါးကြိမ်ဖြစ်ပွားခဲ့။" မြန်မာ့အလင်းသတင်းစာ၊ ဒီဇင်ဘာ ၂၀ ၂၀၁၁။

[35] MNA, "အစိုးရ၏ စိတ်ရင်းစေတနာမှန်ကိုနားလည်သဖြင့် လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်။" မြန်မာ့အလင်းသတင်းစာ၊ မတ် ၂၁ ၂၀၁၁။ စာ (၁၀)နှင့် MNA, "လက်နက်ကိုင်အဖွဲ့ဝင် ၃၈ဦး ဥပဒေဘောင်အတွင်းဝင်ရောက်။"မြန်မာ့အလင်းသတင်းစာ၊ မေ ၁ ၂၀၁၁။ စာ (၁၆)

[36] KHRF,"အင်အားရှိသရွေ့ မိမိကိုယ်ကိုကာကွယ်ခြင်း။ ကရင်ပြည်နယ်မြောက်ဖက်ပိုင်းအရပ်သားများကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့် ဒေသခံများ၏ တုန့်ပြန်ဆောင်ရွက်မှုများ။" ဩဂုတ် ၂၀၁၀။ အခန်း (၅)၊"လက်နက်ဖြင့်မိမိကိုယ်ကိုကာကွယ်ခြင်းမဟာဗျူဟာများ။ အကြောင်းနှင့်အကျိုးများ။" စာ (၈၈-၉၈)။ KHRG, "၂၀၁၀ ဇန် မှ ဧပြီအထိ မြေမြုပ်မိုင်းနှင့်ဆက်နွယ်သော ထိခိုက်မှုများ၊" အထူးအစီရင်ခံစာ၊ ဧပြီ ၁၂ ၂၀၁၁။ KHRGနှင့် တွေ့ဆုံမေးမြန်းခြင်း။ မဲဆောက်၊ မတ် ၁၃ ၂၀၁၁။

[37] မြေမြုပ်မိုင်းသတင်းအချက်လက်။ ဇန် ၂၀၁၁ - ဒီ ၂၀၁၁။ ၂၀၁၂ ဧပြီ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက်သတင်းအချက်အလက်စုဆောင်းပေးသည်။" ကရင်လူ့အခွင့်အရေးအဖွဲ့။

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်တွင် တည်ရှိသော နိုင်ငံတော်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေးနှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍မရသော အစိတ်အပိုင်းများအပါအဝင် ဖြန့်ထွက်လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[38] မြန်မာနိုင်ငံအာဏာပိုင်များသည် ၎င်းတို့သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း မရှိပေ။ ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု နှင့် တခြားအမည်မသိ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူအသုံးပြုမှုရှိသည်ဟု မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံ တင်ပြခဲ့ဖူးသည်။[39] မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံတခုအဖြစ်သတ်မှတ်ခံ ထားရခြင်း မရှိချေ။[40]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း*

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဝ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော်တို့သည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများ ထုတ်လုပ်သည်။ KNLA မှတပ်ဖွဲ့အားလုံးသည် နိုင်ငံခြားသား ပညာရှင်တဦးနှင့် လေ့ကျင်သင်ကြားပြီးနောက် နင်းမိုင်းများ ကိုယ်တိုင်ထုတ်၍ အသုံးပြုနိုင်သည်။[41] မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် အစိုးရတပ်မှ ထောင်ခဲ့သောမိုင်းများကို ပြန်လည်တူးဖေါ်ခြင်းမှသော်လည်းကောင်း၊ မြန်မာစစ်တပ်လက်နက်တိုက်များကိုသိမ်းယူခြင်းဖြင့်သော်လည်းကောင်း လျှို့ဝှက်လက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများရရှိတက်သည်။[42] တချို့လက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့် အပစ်အခတ်ရပ်ဆဲရေး သဘောတူစာချုပ်များ ချုပ်ဆိုထာသော်လည်း လက်နက်ဆက်လက်ဆွဲကိုင်ထားဆဲဖြစ်ပြီး လူသတ်မိုင်းများကိုလည်း လက်ဝယ်ဆက်လက် ထိန်းသိမ်းထားဆဲဖြစ်သည်။[43]

---

[38] မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MMA မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစားရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

[39] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိဗ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့်ဗြိတိန်လုပ် LTM-73, LTM-76

[40] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာလူသိရှင်ကြားထုတ်ဖေါ်ခြင်းမရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

[41] ၂၀၁၁ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သံတမန်တဦးနှင့်အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစိများထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟုဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင်KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။ "

[42] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26နင်းမိုင်းရှိသည်ဟု ခေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ခုနှစ်တွင် လျှို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများရှိခဲ့သည်ဟုဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ် သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

[43] လက်နက်ကိုင်အဖွဲ့အစည်းတဒါဇင်ခန့်သည် အစိုးရနှင့် နှုတ်အားဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရထားသည်။ "အပစ်အခတ်ရပ်စဲရေးအဖွဲ့များ" ဟု မကြာခဏရည်ညွှန်းပြောဆိုလေ့ရှိသော်လည်း တွေ့ဆုံဆွေးနွေးအဖြေရှာမှုတခုဆီသို့ဦးတည်စေသော တရားဝင်အပစ်ရပ်စာချုပ်မျိုး ချုပ်ဆိုထားခြင်းမရှိပေ။ လူသတ်မိုင်းများအပါအဝင် လက်နက်ဆက်လက်ဆွဲကိုင်ထားသော အဖွဲ့များဖြစ်သည်။

၂၀၁၁ခုနှစ် အောက်တိုဘာလတွင် KIA ထိုးစစ်တွင် မြေမြုပ်မိုင်းနှင့် တခြားလက်နက်များ ရရှိခဲ့သည်ဟု အာဏာပိုင်များက ကြေငြာခဲ့သည်။[44]

## မိုင်းဖြန့်ကျက်တည်ရှိမှုနှင့် သက်ရောက်မှု

တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးကာလအလွန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တော်လှန်စစ်ပွဲများ၏ ရလဒ်အဖြစ် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသောနယ်စပ်ဒေသများ၊ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းဒေသများတွင် မိုင်းအများအပြား ပြန့်နှံ့တည်ရှိနေသည်ဟု ယုံကြည်ရသည်။ ကချင်ပြည်နယ်အတွင်း ၄၇ မြို့နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အပြင် ပဲခူးနှင့် တနင်္သာရီတိုင်း[45]တွင် နေထိုင်နေသော ပြည်သူများသည် မိုင်းအန္တရာယ် ကျရောက်နေသည်။ အထူးသဖြင့် လူသတ်မိုင်းအန္တရာယ် ဖြစ်သည်။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းသည် မိုင်းအများဆုံးတည်ရှိသည့် ဒေသများအဖြစ် သံသယရှိနေပြီး မိုင်းဒဏ်ခံရသူဦးရေ အများဆုံး ဒေသများလည်းဖြစ်သည်။ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ချင်းပြည်နယ် အိန္ဒိယနယ်စပ်အနီးမြို့နယ်များတွင်လည်း ယခင်က သံသယ ရှိဖွယ် အန္တရာယ်များသောဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် မသိသေးသော နယ်မြေများနှင့် ပတ်သက်၍ အစီရင်ခံမှုများ လက်ခံရရှိသည်။[46]

မိုင်းပျံ့နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - မန်ရှီ၊ မိုးကောင်း၊မိုးမောက်၊ မြစ်ကြီးနားနှင့် ဝိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနက်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ ဆီဆိုင်၊လန်ခို၊ မောက်မိုင်၊ မိုင်းပန်၊မိုင်းတုံ၊ မိုင်းဖြတ်၊ နမ်ဆန်၊ တာချီလိတ်၊ နမ်ခမ်း၊ ယောက်ဆပ် နှင့် ဝမ်းဂန်
- တန်သာ်ရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ တနသ်ာရီ၊ သရက်ချောင်း နှင့် ရေဖြူ

---

[44] "ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်အတွင်း တပ်မတော်စစ်ကြောင်းများမှ လက်နက်များ၊ ကျည်ဆံများ၊ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရေးစက်ပစ္စည်းများ သိမ်းဆည်းရမိ။ မြန်မာ့အလင်းသတင်းစာ (နေပြည်တော်)။ အောက်တိုဘာ ၁၁ ၂၀၁၁။ စာ (၁၆)"

[45] မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအဆင့်သတ်မှတ်ပေးထားသော ပြည်နယ်နှင့်တိုင်းဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ တိုင်းရင်းသားများ၏ အမည်ကိုကိုယ်စားပြု၍ ပြည်နယ်အမည်များကို သတ်မှတ်သည်။ တိုင်းရင်းသားလူမျိုးတသီးတသန့်မရှိသော ဒေသများကို တိုင်းဒေသကြီးဟုသတ်မှတ်သည်။ ယခင်စစ်အစိုးရသည် တိုင်းပြည်၏ အမည်ကို Burma မှ Myanmar ဟု ပြောင်းလဲအမည်မှတ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအုပ်စုအများစု နှင့် တိုင်းပြည်အများစုက Burma အနေဖြင့်သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲရန်နှစ်သက်ကြသည်။ ပြည်နယ်နှင့်တိုင်းအမည်များကို အများသိသည့်အမည်များကိုဆက်လက်သုံးစွဲသလို နအဖအစိုးရသတ်မှတ်ပေးခဲ့သော အမည်ကိုလည်း ကွင်းစ ကွင်းပိတ်ခံ၍ သုံးစွဲခြင်းမျိုးလည်းရှိသည်။

[46] Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြားအဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းမှရရှိသည့် အချက်အလက်များပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီလမှ ၂၀၁၀ ခုနှစ် ဇွန်လအထိ ထိခိုက်ဒဏ်ရာရမှု ဒေတာများ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီမှ ၂၀၁၀ ဇွန်အထိ တခြားသတင်းပေးများထံမှ ရရှိသော ဒေတာများပါဝင်သည်။

- ချင်းပြည်နယ်

***စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ***

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက်ကျည်များ၊ လက်နက်များ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက်ရောက်မှုလည်း ခံနေရသည်။[47] သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန့်နှံ့နေသည်ကို မသိရပေ။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်း အကြွင်းအကျန်များ ရှိသည်ဟူသော အစီရင်ခံမျိုး မရှိသေးပေ။

## မိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်

မြန်မာနိုင်ငံသည် မိုင်းအန္တရာယ်ရှိမှု အလွန်ကြီးမားသော်လည်း လူသားချင်းစာနာသော မိုင်းလုပ်ငန်းအစီအစဉ်မရှိသေးပေ။ သို့သော် ယမန်နှစ်မှစ၍ အစိုးရမှ ပြုပြင်ပြောင်းလဲမှုများစတင်လုပ်ဆောင်ခဲ့သည့် ရလဒ်အဖြစ် မိုင်းအရေး ဆောင်ရွက်နေသော ဒေသခံနှင့် နိုင်ငံတကာလူသားချင်းစာနာမှုအေဂျင်စီများနှင့် အစိုးရဝန်ကြီးများ စတင်ထိတွေ့ ဆက်ဆံလာသည်။

ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကမ္ဘာ့ကုလသမဂ္ဂ အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် လူသတ်မိုင်းအန္တရာယ်နှင့် ပတ်သက်၍ အထူးလေ့လာ စောင့်ကြည့်သော အဖွဲ့ငယ်တခု ဖွဲ့စည်းခဲ့သည်။ သို့သော် စစ်အစိုးရသည် မည်သည့်မိုင်းလုပ်ငန်းမျိုးမဆို ခွင့်ပြုလိုစိတ်မရှိခဲ့ခြင်းကြောင့် ၎င်းအလုပ်အဖွဲ့သည် အသက်မဝင် ဖြစ်ခဲ့သည်။ အစိုးရ နှင့် တိုင်းရင်းလက်နက်ကိုင်အဖွဲ့အစည်းများ အကြား ငြိမ်းချမ်းရေးစကားဝိုင်းများ ဆောင်ရွက်လာသဖြင့် အလုပ်အဖွဲ့သည် ၂၀၁၂ ခုနှစ် မတ်လတွင် မိုင်းအန္တရာယ် လျော့ပါးရေးပညာရေးမှုလုပ်ငန်းများအတွက် စတင်ရန် ဖြစ်နိုင်ချေများ စရှာရန် ဆုံးဖြတ်ခဲ့သည်။[48]

Dan Church Aid (DCA), HALO Trust နှင့် NOrwegian People's Aid (NPA) အပါအဝင် နိုင်ငံတကာမိုင်းဖေါ်ရေး အဖွဲ့အစည်းများသည် စစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများအတွက် ဖြစ်နိုင်ချေများရှာဖွေရန် ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် စတင်ဆက်သွယ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံတွင် တရားဝင်လုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်သည်အထိ သဘောတူညီချက်မရရှိသေးပေ။[49]

ယေဘုယျ SHA စစ်တမ်းကောက်ယူမှုအပါအဝင် ပဋိပက္ခကြောင့်အိုးအိမ်မဲ့ခဲ့ရသော လူမှုအသိုင်းအဝန်းများ ပြန်လည် နေရာချထားရေးအတွက် နော်ဝေနိုင်ငံမှ ထောက်ပံ့ကူညီမည့် တင်ပြချက်တခုအား ၂၀၁၂ ခုနှစ် ဧပြီလတွင် မီးရထား ဝန်ကြီးဦးအောင်မင်းက သဘောတူခဲ့သည်။[50] ထိုသဘောတူညီချက်အရ Norwegian People's Aid (NPA) သည် ၂၀၁၂ ခုနှစ် မေလတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးဒေသတွင် (၃)ရက်ကြာ ယေဘုယျစမ်းသပ် လေ့လာချက်တခု ပြုလုပ်ခဲ့ရာ ပြန်လည်နေရာချထားရန်အတွက် စဉ်းစားထားသော ဒေသများတွင် မိုင်းအန္တရာယ်ရှိကြောင်း အတည်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လအထိ NPA သည် ဒေသအတွင်း နောက်ထပ်အသေးစိတ်လေ့လာမှုတခု ထပ်လုပ်ရန်အတွက်

---

[47] ဉပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင်း သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan. " ဧရာဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့။" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

[48] မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယူအန် ကာကွယ်စောင့်ရှောက်ရေးအလုပ်အဖွဲကအစည်းများ၏ မြေမြှုပ်မိုင်းအစည်းအဝေး မှတ်တမ်း။ ရန်ကုန်၊ ဖေ ၂၄ ၂၀၁၂ နှင့် Jeanette Wijinants မှ အီးမေး၊ အရာရှိချုပ်။ ကလေးကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့။ UNICEF မြန်မာနိုင်ငံ။ ဇွန် ၁၂ ၂၀၁၂

[49] BjarneUssing နှင့် တယ်လီဖုန်းအင်တာဗျူး။ မြန်မာနိုင်ငံဆိုင်ရာ ပရိုဂရမ်မန်နေဂျာ၊ DCA, ဧပြီ ၆ ၂၀၁၂။ Andreas Indregard နှင့် တယ်လီဖုန်းအင်တာဗျူး။ မြန်မာနိုင်ငံဌာနေညွှန်ကြားရေးမှူး။ NPA၊ ဘန်ကောက်။ ဧပြီ ၁၂ ၂၀၁၂။

[50] Andreas Indregard နှင့် တွေ့ဆုံမေးမြန်းခြင်း။ NPA, ဘန်ကောက်။ ဧပြီ ၁၂ ၂၀၁၂။

ခွင့်ပြုချက် စောင့်နေဆဲဖြစ်သည်။[51] ၂၀၁၂ ခုနှစ်ဇူလိုင်လတွင် အချိန်ပြည့်ဝန်ထမ်းခန့်အပ်ရန်ရှိခြင်းနှင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် လုပ်ငန်းတာဝန်ခံအရာရှိ (Operation Officer) ခန့်အပ်ရန်ရှိသောကြောင့် ရန်ကုန်တွင် NPA ရုံးခန်း ဖွင့်လှစ်ထားသည်။[52]

ကရင်ပြည်နယ် လွှတ်တော်အမတ်တဦးမှ ၎င်း၏ မဲဆန္ဒနယ်မြေ ခြောက်ရွာအတွင်းမှ မိုင်းများရှင်းလင်းပေးရန် လွှတ်တော်အတွင်း မေးခွန်းကို ဖြေကြားသည့်အနေဖြင့် နယ်စပ်ရေးရာပြည်နယ်ဝန်ကြီးက အဆိုပါ ရွာခြောက်ရွာသည် DKBA ထိန်းချုပ်မှုအောက်တွင် ရှိသဖြင့် DKBA မှ မိုင်းဖယ်ရှားသင့်ကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် အကူအညီ တောင်းခံပါက ပေးနိုင်ကြောင်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြောဆိုခဲ့သည်။ [53]

## ၂၀၁၁ ခုနှစ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ

မကြာသေးမီနှစ်များအတွင်း တပ်မတော်၊ ရွာသားနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများမှ ကြိုကြားကြိုကြား မိုင်းဖေါ်ခြင်း လုပ်ငန်းများ ရှိခဲ့သည်ဟူသော အစီရင်ခံမှုများ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တပ်မတော်မှ ကလေးများနှင့် တွေ့ဆုံမေးမြန်းခန်းတွင် စစ်သားအားလုံးသည် မိုင်းအသုံးပြုကိုင်တွယ်ပုံကို လေ့ကျင့်သင်ကြားရပြီး ပဲခူး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်များအတွင်း သွားလာရင်း မိုင်းကြောင့်ထိခိုက်အနာတရဖြစ်မှုများအား ကိုယ်တိုင်မျက်မြင်တွေ့ခဲ့ရကြောင်း ပြောဆိုခဲ့သည်။ [54]

မြန်မာပြည်လွတ်မြောက်ရေးရိန်ဂျာများအဖွဲ့ (FBR) သည် ၎င်း၏အကူအညီပေးရေးအဖွဲ့များအတွက် မိုင်းအမျိုးအစား သတ်မှတ်ခြင်းနှင့် အရေးပေါ်မိုင်းရှင်းလင်းခြင်း လုပ်ထုံးလုပ်နည်းများကိုပါ သင်ရိုးညွှန်းတမ်းတွင် တပါတည်း ထည့်သွင်း ဖေါ်ပြသည်။ ၎င်းကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်စဉ်ကာလအတွင်း တွေ့ရှိခဲ့သော မိုင်းများကို FBR လုပ်သား များက ဖယ်ရှားပစ်သလို တခါတခါ အစိုးရဆန့်ကျင်ရေးပြည်သူ့စစ်များသို့ လက်လွှဲပေးခြင်း (သို့မဟုတ်) ပြည်သူ့စစ် အဖွဲ့ဝင်များက ဖယ်ရှားခြင်းများ ရှိတတ်သည်။[55] ၂၀၁၁ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ကရင်နီစစ်သား နှစ်ယောက် မိုင်းဖေါ် နေစဉ် ထပေါက်ကွဲသဖြင့် နှစ်ယောက်စလုံး အသက်ဆုံးရှုံးခဲ့သည့်အပြင် FBR အဖွဲ့ဝင်တဦးပါ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ သည်။[56]

## "လူမဆန်သော ရက်စက်မှုများ (သို့မဟုတ်) လူသားမိုင်းရှင်းကိရိယာ"[57]

"အရပ်သားပေါ်တာများကို စစ်ပစ္စည်းများထမ်းခိုင်းခြင်းနှင့် မြေမြှုပ်မိုင်းရှင်းရန်အတွက် စစ်ကားများရှေ့တွင် နွားလှည်းများ မောင်းခိုင်းခြင်း (သို့မဟုတ်) လမ်းလျှောက်ခိုင်းခြင်း စသည့် အစီရင်ခံစာများရရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလ

[51] Aksel Steen-Nilsen နှင့် တယ်လီဖုန်းအင်တာဗျူး။ ပရိုဂရမ်မန်နေဂျာ၊ မြန်မာနိုင်ငံ။ Norwegian People's Aid, ဇွန် ၂၁ ၂၀၁၂။

[52] Aksel Steen-Nilsen နှင့် တယ်လီဖုန်းအင်တာဗျူး နှင့် အီးမေး။ NPA, ဘန်ကောက်။ ဇွန် ၂၁ ၂၀၁၂

[53] မင်းအောင်လင်းနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ကရင်ပြည်နယ်လွှတ်တော်အမတ်၊ ဘားအံ။ ကရင်ပြည်နယ်။ ဖေ ၁၇ ၂၀၁၂။

[54] အမည်မဖော်လိုသော သတင်းအရင်းအမြစ်မှ Monitor သို့ ပေးပို့သော သတင်းအချက်အလက်။ ဖေ ၂၇ ၂၀၁၂

[55] FBR,"FBR ရှမ်းအကူအညီပေးအဖွဲ့ သင်တန်း အစီရင်ခံစာ။ "ရှမ်းပြည်နယ်၊မြန်မာနိုင်ငံ။ မေ ၂၀၁၁

[56] FBR," FBR ကရင်နီအဖွဲ့ဝင်တဦး သေဆုံး။" FBR အစီရင်ခံစာ။ ဧပြီ ၈ ၂၀၁၁။

[57] မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့ က အသုံးပြုသော "atrocity demining" ဆိုသော ဝေါဟာရမှာ မိုင်းထောင်ထားသည်ဟု သေချာတပ်အပ်သိသော (ဝါ) သံသယရှိသော နေရာများသို့ အရပ်သားပြည်သူများကို အတင်းအကြပ်စေခိုင်းခြင်း (သို့မဟုတ်) သင့်တော်သောသင်တန်း (ဝါ) အထောက်အကူပြုပစ္စည်းမပါပဲ အရပ်သားများကို မိုင်းရှင်းလင်းခိုင်းခြင်းတို့ဆိုလိုသည်။ Atrocity demining ကို လူ့အခွင့်အရေးအစီရင်ခံစာများတွင် human mine sweeping ဟုလည်း ရည်ညွှန်းသုံးစွဲသည်။

ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်စ်ဟိုဂျေးကင်တားနားက ၂၀၁၁ ခုနှစ် စက်တင်ဘာလ တွင် အစီရင်ခံခဲ့သည်။"[58]

အကျဉ်းသားပေါ်တာများအား လူသားမိုင်းရှင်းကိရိယာများအဖြစ် အသုံးပြုသော အစီရင်ခံစာအား လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (HRW) နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) တို့ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။ တပ်မတော်သည် အကျဉ်းထောင် ၁၂ ခု နှင့် ရဲဗက်စခန်းများမှ အကျဉ်းသား ၇၀၀ ခန့်အား ရှေ့တန်း စစ်နယ်မြေသို့ ခေါ်ဆောင်သွားသော ၂၀၁၁ ခုနှစ် ဇန်နဝါရီလသည် အကျဉ်းသားပေါ်တာ အများဆုံး အသုံးပြုသည့် အချိန် ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖေါ်ပြထားသည်။[59] အစီရင်ခံစာတွင် ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးလာသော ပေါ်တာဟောင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ ထည့်သွင်းထားသည်။

- မူလ ပေါ်တာ ၈၀၀ခန့်မှ သူထွက်ပြေးချိန်တွင် ၂၀၀ ခန့်သာကျန်တော့ကြောင်း၊ ကျန် ၆၀၀ အနက် ထွက်ပြေး သွားသူ၊ နာမကျန်းဖြစ်၍ သေဆုံးသူ၊ မိုင်းနင်းမိသဖြင့် သေဆုံးသူ၊ ခြံခိုက်တိုက်ခိုက်ခံရခြင်း (သို့မဟုတ်) အသတ်ခံခြင်းတို့ ပါဝင်သည်ဟု ဆိုသည်။[60]
- ပေါ်တာဦးက အနည်းဆုံး ပေါ်တာ (၁၀)ဦးခန့် မိုင်းတက်နင်းမိသည်ကို မြင်တွေ့ခဲ့ကြောင်း တချို့ ပွဲချင်းပြီး သေဆုံးသော်လည်း၊ ခြေလက်၊ မျက်စိပျက်သွားသူများကို ဒဏ်ရာနှင့်ထားခဲ့ကြောင်း ပြောသည်။[61]

• အကျဉ်းသားဟောင်းတဦးက "ကျနော်တို့တတွေ ဘယ်လိုကွဲသွားကြဆိုတော့ သုံးယောက်က ဆေးတပ်ဖွဲ့ကို သွားရတယ်။ တချို့က ရိက္ခာတွေသယ်ရတယ်။ တခြားသူတွေက မိုင်းဖေါ်တဲ့ ယူနစ်ထဲ ပါသွားတယ်။ စစ်သားတွေမှာ မိုင်းရှာစက်တွေရှိတယ်။ ဒါပေမယ့် ကျနော်တို့ကို တုတ်ပဲပေးပြီးမိုင်းရှာခိုင်းတယ်။" ဟု ပြန်ပြောပြသည်။ [62]

• "နေ့တိုင်းကျနော်တို့ စစ်သားတွေအရှေ့က လျှောက်ရတယ်။ စစ်သားတွေက "ရှေ့ကသွား၊လမ်းမှာ မိုင်းတွေ ရှိတယ်" လို့ ပြောပါတယ်။ ကျနော်တို့တာဝန်ဆိုတော့ ဘာမှပြောမရဘူး။ တခါတလေ ပေါ်တာတွေ မိုင်းနင်းမိလို့ ဒဏ်ရာရရင်၊ ကျနော်တို့ သယ်ပြန်တယ်။ တခါတလေလဲ သူတို့ပစ်သတ်ခဲ့တယ်။" ဟု ပေါ်တာဟောင်းတဦးက[63] ပြောသည်။

တပ်မတော်မှ ရွာသားများအား မိုင်းရှိသည်ဟု သံသယဖြစ်သောနေရာများတွင် စစ်သားများအရှေ့မှ သွားခိုင်းခြင်း၊ ယဉ်မောင်းခိုင်းခြင်းဖြင့် လူသားဒိုင်းသဖွယ်အသုံးပြု၍ မိုင်းရှင်းသည့် နောက်ထပ် အဖြစ်အပျက်များကို FBR[64] ၊ KHRG[65] နှင့် KNU[66] တို့က စုဆောင်းခဲ့သည်။

---

[58] "မြန်မာနိုင်ငံအတွင်းလူ့အခွင့်အရေးအခြေအနေများဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ။" UN doc.A/66/365,စက်တင်ဘာ ၁၆ ၂၀၁၁။ အပိုဒ် ၃၄

[59] "အသက်မဲ့ဝဋ္ဍာဥ်များ လမ်းလျှောက်နေခြင်း။ မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း ရှေ့တန်းစစ်မျက်နှာမှ အကျဉ်းကျပေါ်တာများ။" လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့။ ဇူလိုင် ၂၀၁၁။ စာ (၁၅)

[60] IBID, စာ ၁၂.

[61] IBID, စာ ၃၀.

[62] IBID, စာ ၂၉ .

[63] IBID, စာ ၃၄

[64] "မြန်မာအစိုးရစစ်တပ်သည် တောင်ငူခရိုင်အတွင်း ယောက်ကျားနှစ်ယောက်အား သတ်ပြီး လူပေါင်းရာနှင့်ချီ၍ အတင်းအဓမ္မလုပ်အားပေးအဖြစ် ဖမ်းဆီးသွားခြင်း၊" မတ် ၃ ၂၀၁၁။ "FBR အစီရင်ခံစာ၊ ကရင်ပြည်နယ်အတွင်း အစိုးရစစ်တပ်မှ အရပ်သားများကို ဒိုင်းသဖွယ်အသုံးပြုသည့် ဓါတ်ပုံဆောင်းပါး။" အောက်တိုဘာ ၂၃ ၂၀၁၁။ နှင့် "FBR အစီရင်ခံစာ၊ ၂၀၁၂ခုနှစ် မတ်လ ၂၃ ရက်နေ့အထိ ၂၀၁၂ ဇန်နဝါရီ ၁၂ ၇က်နေ့မှစ၍ အစိုးရစစ်တပ်လှုပ်ရှားမှုများပေါင်းချုပ်၊" မတ် ၂၃ ၂၀၁၂။

[65] နမူနာကြည့်ရန်။ KHRG "Appendix to Displacement Monitoring Index Updae No.52." ဖေ ၅ ၂၀၁၂။ KHRB,'Nyaunglebin တွေ့ဆုံမေးမြန်းမှုများ၊ မေ ၂၀၁၁။" ဇွန် ၂၉ ၂၀၁၁။ KHRG, 'Ongoing forced labour and movement restrictions in Toungoo District," မတ် ၁၂ ၂၀၁၂။

[66] နမူနာကြည့်ပါ။ "အစိုးရစစ်တပ်မှ အရပ်သားများအား အတင်းအဓမ္မလုပ်အားပေးနှင့် လူသားဒိုင်းများအဖြစ် အသုံးပြုခြင်းထုတ်ပြန်ကြေငြာချက်။"KNU, မေ ၂၆ ၂၀၁၁။

## မိုင်းအန္တရာယ်လျော့ပါရေး ပညာပေးလုပ်ငန်းများ (RE)

မိုင်းနှင့် စစ်ပွဲအတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများနှင့်ပတ်သက်သော ပညာပေးမှုသည် မိုင်းဒဏ်သင့်ဒေသများအတွင်း နည်းပါးခြင်း (သို့မဟုတ်) တခါတရံ လုံးဝမရှိသည်ကိုတွေ့ရသည်။ နိုင်ငံတွင်းအိုးအိမ်မဲ့ ကရင်ပြည်သူများ ဆိုင်ရာကော်မတီက ကရင်ပြည်နယ်အတွင်း၊ ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက ကရင်နီပြည်နယ်အတွင်း၊ လားဟူဖွံ့ဖြိုးရေးအစည်းအရုံးက ရှမ်းပြည်နယ်အတွင်းနှင့် ချင်းပြည်သူများအရေး လှုပ်ရှားဆောင်ရွက်ရေးကော်မတီက ချင်းပြည်နယ်အတွင်း စသဖြင့် ပြည်သူပေါင်း ၈၀၉၉ ထံသို့ မိုင်းနှင့်ပတ်သက်ပြီး ပညာပေးမှုအား ၂၀၁၁ ခုနှစ်အတွင်း လုပ်ဆောင်နိုင်ခဲ့သည်ဟု တင်ပြမှုများရှိသည်။[67]

လူမှုဖူလုံရေးဝန်ကြီးဌာန နှင့် UNICEFကိုယ်စားဖွဲ့ထားသော DCA သည် ၂၀၁၂ ခုနှစ် ပထမ နှစ်ဝက်အတွင်း RE အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီလတွင် ပထမနှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများနှင့် အန်ဂျီအိုဝန်ထမ်းများအတွက် ကျင်းပခဲ့သည်။[68] DCA သည် မေလနှင့် ဇွန်လများတွင်လည်း နောက်ထပ် အလုပ်ရုံဆွေးနွေးပွဲနှစ်ခုအား ရှမ်းပြည်တောင်ပိုင်းမှ ဝန်ထမ်းများ၊လားရှိုးတွင် ရှမ်းပြည်မြောက်ပိုင်းမှ ဝန်ထမ်းများ အတွက် ကျင်းပခဲ့သည်။ ဒုတိယအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သည်။[69] ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာညှိနှိုင်းတာဝန်ခံမှုရုံးက ၂၀၁၁ ခုနှစ် အောက်တိုဘာ နှင့် နိုဝင်ဘာလအတွင်း ကချင်ပြည်နယ် IDPစခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် သင်တန်းအစီစဉ်များတွင် RE ပါ တပေါင်းတည်း ထည့်ပေးထားသည်ဟု ပြောဆိုသည်။[70]

### ထိခိုက်ဒဏ်ရာရမှု[71]

| | |
|---|---|
| **၂၀၁၁ခုနှစ်ကုန်အထိ စုဆောင်းမိသမျှ ထိခိုက် ဒဏ်ရာစာရင်း** | ၃၂၄၂ ဦး (၃၀၃ဦးသေ၊ ၂၇၃၈ဦးဒဏ်ရာ၊ ၂၀၁ဦးမသိရ) ၁၉၉၉ ခုမှစ၍ |
| **၂၀၁၁ခုနှစ်အတွင်းထိခိုက်ဒဏ်ရာစာရင်း** | ၃၉၈၁ (၂၀၁၀ခုနှစ်တွင် - ၂၇၄ ဦး။) |
| **၂၀၁၁ခုနှစ်အတွင်းထိခိုက်ဒဏ်ရာမှု အသေးစိတ်** | ၈၄ဦးသေ၊ ၂၉၃ဦးဒဏ်ရာ၊ ၄ဦးမသိရ (၂၀၁၀ ခုနှစ်တွင် ၃၆ ဦးသေ၊ ၂၃၈ဦးဒဏ်ရာ၊ |
| **၂၀၁၁ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရစေသော** | လူသတ်မိုင်း/IEDs ၃၁၈၊ ကားမိုင်း ၁၅ လုံး၊ အမျိုးအမည်မသိမိုင်း ၄၁လုံး၊ ERW ၇လုံး၊ အမျိုးအမည်မသိ ၁ လုံး။ |

---

[67] အမည်ထုတ်ဖော်မပြောလိုသော နိုင်ငံတကာလူသားချင်းစာနာသောအေဂျင်စီတခုမှ ပေးပို့သော သတင်းအချက်အလက်။ မေ ၁၆ ၂၀၁၂။

[68] Biamc Ussing နှင့် တယ်လီဖုန်းအင်တာဗျူး၊ ဧပြီ ၆ ၂၀၁၂ နှင့် Jeanne Wijnants မှ အီးမေး။ UNICEF။ မြန်မာ၊ ဇွန် ၁၄ ၂၀၁၂။

[69] Jeanne Wijnants မှ အီးမေး။ UNICEF။ မြန်မာနိုင်ငံ။ ဇွန် ၁၄ ၂၀၁၂။

[70] OCHA, 'ကချင်ပြည်နယ်အတွင်း အခြေအနေများနှင့် လူသားချင်းစာနာမှုတုန့်ပြန်ဆောင်ရွက်ချက်အစီအစဉ်။" ဒီဇင်ဘာ ၁၃ ၂၀၁၁။ စာ (၁၁)

[71] ၂၀၁၁ခုနှစ်အတွက် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသောအချက်အလက်များသည် ထုတ်ပြန်ပြီးသားနှင့် မထုတ်ပြန်ရသေးသော သတင်းအရင်းအမြစ်များထံမှ စုဆောင်းဖော်ပြခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဧရာဝတီမဂ္ဂဇင်း၊ မဇ္ဈိမသတင်းအေဂျင်စီ၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ဘန်ကောက်ပို့စ်သတင်းစာ၊ ကချင်းသတင်းစဉ်၊ မြန်မာ့နိုင်ငံတကာသတင်းအဖွဲ့၊ လွတ်လပ်သောမွန်သတင်းအေဂျင်စီ နှင့် မြန်မာ့အလင်းသတင်းစာတို့မှ ရရှိသည်။ ပြင်ပသို့ထုတ်ပြန်ခြင်းမရှိသော သတင်းအချက်အလက်များကို ကရင်လူ့အခွင့်အရေးအဖွဲ (KHRG), "မြေမြှုပ်မိုင်းသတင်းအချက်အလက်များ။ ၂၀၁၁ ဇန် - ဒီဇင်ဘာ။ မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက်စုဆည်းပေးသည် - ဧပြီ ၂၀၁၂။ "Cedric Piralla မှ အီးမေး။ ရုံးတာဝန်ခံ။ ICRC၊ ချင်းမိုင်၊ မတ် ၆ ၂၀၁၂။ BPHWT မှ အီးမေး။ မတ် ၄ ၂၀၁၂။ Larry, Stratton, အစီရင်ခံစာထုတ်လုပ်ရေးဒါရိုက်တာ၊ မြန်မာပြည်လွတ်မြောက်ရေးရိန်းဂျားများအဖွဲ့။ ဧပြီ ၂ ၂၀၁၂။

| | |
|---|---|
| **မိုင်းအမျိုးအစားများ** | |

နိုင်ငံပိုင် နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့အစည်းများမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်း/စစ်အတွင်း ကျန်ရစ်သော အကြွင်းအကျန်များ(ERW)ကြောင့် ထိခိုက်မှု အသစ် ၃၈၁ ခု အနည်းဆုံး ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်းစုစုပေါင်း ထိခိုက်ဒဏ်ရာ ရမှုများ အနက် ၂၀၇ ဦးသည် အရပ်သားပြည်သူများဖြစ်၍ ၁၃၃ဦးစစ်ဖက်ဆိုင်ရာဝန်ထမ်းများဖြစ်သည်။တခြား ၄၁ ဦးနှင့် ပတ်သက်၍ ကွဲကွဲပြားပြားမသိရပေ။ အနည်းဆုံးကလေးငယ် ၃ ဦးဒဏ်ရာရ၍ အမျိုးသမီး ၁၃ဦး ဒဏ်ရာရခဲ့သည်။[72]

ထိခိုက်ဒဏ်ရာရစေသောမိုင်းအများစုမှာ လူသတ်မိုင်းများဖြစ်သည်ဟု မှတ်တမ်းတင်နိုင်ခဲ့သည်။ လက်လုပ်နင်းမိုင်း (IED) သို့မဟုတ် ယာဉ်ဖျက်မိုင်းများသည်လည်း ထိခိုက်ဒဏ်ရာရစေသော မိုင်းအမျိုးအစားတွင်ပါဝင်သည်ဟု ဒေသခံမိုင်းအန္တရာယ်လျော့ပါးရေး ပညာပေးသူများက တင်ပြအစီရင်ခံခဲ့သည်။ မိုင်းနှင့် IED အရေးဆောင်ရွက်သူ တော်တော်များများသည် တိုက်မိုင်းတွင် ထည့်သွင်းအသုံးပြုသော ပစ္စည်းများနှင့် အမျိုးအစားကို သေချာခွဲခြားနိုင်ခြင်း မရှိသဖြင့် မိုင်းအမျိုးအစားကို မှတ်တမ်းတင် နိုင်ခြင်းမရှိပေ။[73]

စောင့်ကြည့်လေ့လာရေးအဖွဲ့က ထုတ်ပြန်သော ယခင်အစီရင်ခံစာများကဲ့သို့ပင် စစ်ဖက်ဆိုင်ရာထိခိုက် သေဆုံးမများစွာရှိခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည်။သို့သော် အဆိုပါမှတ်တမ်းများသည် ပုံမှန်အားဖြင့် တရားဝင်ထုတ်ပြန်လေ့မရှိပေ။[74] ၂၀၁၁ ခုနှစ်တွင် စစ်ဖက်ဆိုင်ရာထိခိုက်မှု အများအပြားရှိခဲ့သည်ဟူသော ထုတ်ပြန်ခြင်းမရှိသည့် အစီရင်ခံစာများရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ထိခိုက်မှု ၂၀၀ ခန့် ရှိခဲ့သည်ဟု အစီရင်ခံခဲ့သည်။[75]

၂၀၁၁ခုနှစ်အတွင်းကောက်ယူရရှိသော ပမာဏသည် ၂၀၁၀ ခုနှစ်အတွင်း အလားတူသတင်းအရင်းအမြစ်များထံမှ ကောက်ယူရရှိသော ၂၇၄ ဦးထက်ပို၍ များသည်ကို တွေ့ရသည်။[76]စောင့်ကြည့်လေ့လာရေးအဖွဲ့မှ မြန်မာနိုင်ငံအတွက် စုဆောင်း ရရှိသော အချက်အလက်များသည် လက်လှမ်းမှီနိုင်သော သတင်းအရင်းအမြစ်များထံမှ ရရှိသော စုပေါင်းတင်ပြချက် ဖြစ်သည်။[77] သို့သော် စနစ်တကျအချက်အလက်ကောက်ယူမှုအားနည်းခြင်းနှင် နှစ်စဉ်အချက်အလက်ရသော သတင်းအရင်းအမြစ် မတူညီသောကြောင့် တိုင်းပြည်အတွင်း မိုင်းနှင့် ERW ကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် ပတ်သက်၍ ပြည့်စုံသော အချက်အလက်များဟု မဆိုလိုနိုင်ပေ။ ယခင်ကာလများကဲ့သို့ပင် အချက်အလက်များတွင် အသေးစိတ်မပါရှိခြင်း၊ ထိခိုက်ဒဏ်ရာရမှုများကို မှန်မှန်ကန်ကန် မှတ်တမ်းတင်ခဲ့ခြင်း ရှိမရှိများ စစ်ဆေးရန်အတွက် အချက်အလက်

---

72 ထိခိုက်ဒဏ်ရာရမှု၂၄ခုနှင့်ပတ်သတ်ပြီး အသက်အရွယ်နှင့် ကျား၊မ မသိရပေ။ တဦးသေ၍ ၂၃ ဦးဒဏ်ရာရခဲ့သည်။

73 "Deadly Soil: Burma's Enduring Landmine Tragedy," ဖွန် ၁၁ ၂၀၁၁၊ BNI www.bnionline.net။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ဖမ်းဆီးမိသော စက်ရုံထုတ်မိုင်းများကိုအသုံးပြုသည်ဟုဆိုသည်။ "The world's longest ongoing war." အယ်ဂျာဇီးယား။ ဩဂုတ် ၁၀ ၂၀၁၁။www.english.aljazeera.net

74 စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပြန်သော ၂၀၀၉ ခုနှစ်မြန်မာနိုင်ငံအစီရင်ခံစာအား www.the-monitor.org တွင်ကြည့်ပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)ထံမှ ၂၀၀၈ခုနှစ်အတွင်း စစ်ဖက်ဆိုင်ရာထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ မကြုံစဖူးသတင်းများစွာရရှိခဲ့သည်။ စစ်ဖက်ဆိုင်ရာထိခိုက်မှု ၅၀၈ ဦးဟုရှိခဲ့သည်ဟုသိခဲ့ရသည်။ သို့သော် နောက်နှစ်များတွင် မရတော့ပေ။

75 အသေးစိတ်မသိရ။ KHRG" တပ်မတော် တပ်ပြေးရဲဘော်များနှင့် တွေ့ဆုံမေးမြန်းစဉ်ရရှိခဲ့သောအချက်များက အစောပိုင်းတင်ပြခဲ့သော အရပ်သားများအပေါ် ချိုးဖောက်မှုကို အတည်ပြုနိုင်ခဲ့သည်။" နောက်ဆုံးသတင်းပေးပို့ချက်အမှတ် ၄၈။ ဇန် ၁၈ ၂၀၁၁။ (နောက်ဆက်တွဲ) www.khrg.org။ ၂၀၁၁ခုနှစ် စစ်ဖက်ဆိုင်ရာထိခိုက်သေဆုံးမှုများ ဆက်လက်ဖြစ်။ "မြန်မာစစ်သားများသည် မြေမြုပ်မိုင်းကြောင့် ထိခိုက်ကျဆုံးမှုများ ဆက်ရှိနေခြင်း။" မတ် ၁၆ ၂၀၁၁။ www.bnionline.net

76 စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ဝေသော ၂၀၁၀ခုနှစ်အတွက် မြန်မာနိုင်ငံအစီရင်ခံစာအား www.the-monitor.orgအားကြည့်ပါ။

77 ထိခိုက်မှုစာရင်းများ ထပ်နေနိုင်သည်။ သို့သော် ရရှိသော သတင်းအချက်အလက် အကန့်အသတ်ကြောင့် စစ်ဆေးရန် ခက်ခဲသည်။ ထိခိုက်ဒဏ်ရာရမှု သတင်းအချက်အလက်ရသော သတင်းအရင်းအမြစ်တခုဖြစ်သည့် မြန်မာ့အလင်းသတင်းစာတွင် ၂၀၁၁ခုနှစ်အတွင်း မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှုသတင်း တင်ပြချက်အနည်းငယ် ပိုများသည်ကိုတွေ့ရသည်။ ၂၀၁၁ ခုနှစ်တွင် မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှု ၉၄ မြန်မာ့အလင်းသတင်းစာတွင် တွေ့ရသည်။ ၂၀၁၀ခုနှစ်တွင် ၈၀ ခုသာတွေ့ခဲ့ရသည်။

မပြည့်စုံခြင်းများ ရှိခဲ့သည်။[78] တကယ်တမ်းတွင် ထိခိုက်သေဆုံးမှုနှုန်း အဆမတန် ပိုများသည်။ ၂၀၁၀ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်းကြောင့် ထိခိုက်သေဆုံးရမှု ၆၀၀ ဦး (၁၀၀ ဦးသေ၊ ၅၀၀ ဦးဒဏ်ရာ) အထိ ရှိခဲ့သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အစီရင်ခံခဲ့သည်။[79] ၂၀၁၂ ခုနှစ်တွင် စောင့်ကြည့်လေ့လာရေးအဖွဲ့မှ တောင်းဆိုသောကြောင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းတို့အနေဖြင့် ထိုအချက်အလက်များ မှန်မမှန်စစ်ဆေးနိုင်ခြင်း မရှိဟု ဖြေကြားခဲ့သည်။[80]

မြန်မာနိုင်ငံ ထိခိုက်သေဆုံးမှုစုစုပေါင်းအရေအတွက်ကို မသိရပေ။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အကုန်အထိ  ထိခိုက်သေဆုံးမှု ၃၂၄၂ ဦး (၃၀၃ သေ၊ ၂၇၃၈ ဒဏ်ရာ နှင့် ၂၀၁ မသိရ) ရှိခဲ့သည်ဟု တွေ့ရှိခဲ့ရသည်။

လူသားထိခိုက်ဒဏ်ရာရမှုများအပြင် ရွာများတွင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များ၊ ဆင်များလည်း မြေမြုပ်မိုင်း ဒဏ်ခံခဲ့ရသည်။ တရားမဝင်နယ်စပ်ဖြတ်ကျော် သစ်ထုတ်လုပ်ရေးများတွင် အသုံးပြုသော ဆင်အများစု သေဆုံးခဲ့ပြီး၊ တချို့ဒဏ်ရာရခဲ့သည်။  ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် မိုင်းထိသော ဆင်တကောင်အား ထိုင်းနိုင်ငံ ဆင်ထိန်းသိမ်းရေး ဌာနတွင် ဆေးကုသမှု ခံယူခဲ့သည်။[81] ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဆင်တကောင်မိုင်းထိသဖြင့် သေဆုံးခဲ့သည်။[82]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီ

မြန်မာနိုင်ငံတွင် မိုင်းနှင့် စစ်ပွဲအတွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေ စုစုပေါင်းကို မသိရသော်လည်း ၁၉၉၉  ခုနှစ်မှစ၍ အနည်းဆုံး မိုင်းဒဏ်သင့်ပြည်သူပေါင်း ၃၂၄၂ ဦး ရှိသည်။[83]

## ၂၀၁၀ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီရနိုင်မှု

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းနှင့် ထိုင်းနိုင်ငံနှင့်ထိစပ်နေသောနယ်စပ်ဒေသအတွင်း မိုင်းဒဏ်သင့်ပြည်သူများ အတွက် ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် စီးပွားရေးအကူအညီများပါဝင်သော ဝန်ဆောင်မှုများ အနည်းငယ် တိုးတက်ခဲ့ သည်။ ၂၀၁၁ခုနှစ်တွင် ထိုင်းနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်တလျှောက်တွင် အရေးပေါ်ဆေးဝါး ဝန်ဆောင်မှုများ အနည်း ငယ် ပိုများလာခဲ့သည်။[84] သို့သော် ယခင်နှစ်များကဲ့သို့ပင် မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်နေသော ဒေသများအတွင်း အကန့်အသတ် အလွန်များနေသေးသည်။ ၂၀၁၁ ခုနှစ် အတွက် ပြန်လည်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုများ ပိုမိုတိုးတက် လာခြင်းသည် ပထဝီတည်နေရာအရ ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်ဆောင်ရွက်ခြင်းကြောင့် ဖြစ်သည်။[85]

---

78 ၂၀၁၀ခုနှစ်တွင် ထိခိုက်မှု ၂၇၄ခုအနက် ၄၀တွင် တိတိကျကျ မှန်မမှန် စစ်ဆေးရန် အသေးစိတ်အချက်အလက်မပါရှိသည်ကိုတွေ့ခဲ့ရသည်။ ၂၀၁၁ခုနှစ်တွင် ၂၇၁ မှတိတိကျကျရရှိခဲ့သည်။ ကျန်အချက်အလက်များတွင် ဖြစ်ပွားသည့်ရက်စွဲ၊ အသက်အရွယ်၊ ကျား၊မ စသည်များနှင့် ထပ်ဆင့်စစ်ဆေးရန်အတွက် အသေးစိတ်အားနည်းခဲ့သည်။

79 အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန။ " ၂၀၁၀ခုနှစ် တိုင်းပြည်အလိုက်လူ့အခွင့်အရေးအစီရင်ခံစာများ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ၊ ဧပြီ ၈ ၂၀၁၀ခုနှစ်။ ၂၀၁၀ ခုနှစ် ထိခိုက်၊ သေဆုံးဦးရေစာရင်းတွင် ထည့်သွင်းခြင်းမရှိပေ။

80 Erin Webster-Main နှင့် အင်တာဗျူး။ နိုင်ငံရေးအရာရှိ၊ အမေရိကန်သံရုံး၊ရန်ကုန်။ ဖေ ၂၁ ၂၀၁၂။

81 "နောက်တလအကြာ မြေမြုပ်မိုင်းထိသော ဒဏ်ရာရဆင်တကောင်။" ထိုင်းနိုင်ငံဆင်ထိန်းသိမ်းရေးဝဒ်ဆိုက်။ http://bit.ly/JACgL7/ နှင့် Yeshua Moser-Puangsuwan," မြန်မာ၊ဆင်များသည် မိုင်း၏ သားကောင်များဆက်ဖြစ်နေခြင်း။" ICBL/ http://bit.ly/IFDQzu.

82 "မြန်မာနိုင်ငံတွင်ဆင်တကောင်မိုင်းနင်းမိသဖြင့်ဒဏ်ရာရသွားခြင်း။" The Guardian, စက် ၁၃ ၂၀၁၁။ http://bit.ly/o2zv1A နှင့် ၂၀၁၁ခုနှစ်မြန်မာနိုင်ငံအစီရင်ခံ၊ www.the-monitor.org။ ၂၀၁၁ခုနှစ်အစီရင်ခံစာတွင်ဒဏ်ရာရ ဆင်အကြောင်းဖေါ်ပြခဲ့သည်။ သို့သော်၎င်းဆင်သည် ၂၀၁၁ခုနှစ်အောက်တိုဘာလတွင်သေဆုံးခဲ့သည်။

83 ၁၉၉၉  ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ထိခိုက်ဏ်ရာရမှု ၂၄၄၅ ဦးအပေါ် အခြေခံသည်။

84 Cresa Lenonar-Pugh မှ အီးမေး။ အရှေ့တောင်အာရှဌာနေမန်နေဂျာ၊ CPI, မေ ၂၈ နှင့် ဇွန် ၂၉ ၂၀၁၂။ CPI  သည် ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာနအား ထိုင်းနိုင်ငံနယ်စပ်တလျှောက်အထူးသဖြင့် တက်ခရိုင်အတွင်း အရေးပေါ်ဝန်ဆောင်မှုများအတွက် ထောက်ပံ့ပေးသည်။

85 ICRC "ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ရေးအစီအစဉ်။ နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၀။" ဂျနီဗာ။ ဇွန် ၂၀၁၂။ စာ ၅၃-၅၄ နှင့် ICRC နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၁။"ဂျနီဗာ။ ဇွန် ၂၀၁၂။ စာ ၂၂၇။

နယ်စပ်ဒေသတလျှောက် အကြမ်းဖက်မှုဖြစ်ပွားနေသော ဒေသများအတွင်း အရပ်သားပြည်သူများအတွက် ICRC ၏ အကူအညီသည် အကန့်အသတ် ဖြစ်နေသေးသည်။ သို့သော် ၂၀၁၂ ခုနှစ် အစောပိုင်းတွင် မြန်မာအစိုးရနှင့် ICRC အကြား သဘောတူညီချက်တခု ရရှိခဲ့သည်။ သဘောတူညီချက်အရ ၂၀၀၇ ခုနှစ်မှစ၍ ပြင်ပအကူအညီမရပဲ လည်ပတ်နေသော အစိုးရပြန်လည်ပြုစုပျိုးထောင်ရေးဌာန (၆)ခုအား ICRCမှ စတင်ထောက်ပံ့မည် ဖြစ်သည်။[86] ၂၀၁၁ ခုနှစ် နှောင်းပိုင်းတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက တိုင်းပြည်အရှေ့တောင်ဖက်ခြမ်းအတွင်းရှိ မြို့နယ်တချို့တွင် မိုင်းဒဏ်သင့်ပြည်သူများအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအစီအစဉ်များ ဖွင့်လှစ်ပေးခဲ့သည်။[87]

ထိုင်းနိုင်ငံတွင်မူ ဝန်ဆောင်မှုတော်တော်များများသည် ယခင်နှစ်အတိုင်း ထူးထူးခြားခြား ပြောင်းလဲမှုမရှိပေ။ သို့သော် မြန်မာနိုင်ငံမှ မိုင်းနှင့် ERW ထိခိုက်သူများအပါအဝင် ပဋိပက္ခကြောင့် ထိခိုက်ဒဏ်ရာရသူများအား ICRC ၏ အထောက်အပံ့ နှင့် ထိုင်းနိုင်ငံဆေးရုံးများတွင် ဆေးဝါးကုသမှုသည် ၂၀၁၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၁ ခုနှစ်တွင် ပိုများသည်။[88]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီလိုအပ်ချက်အား လေ့လာမှု

မြန်မာနိုင်ငံတွင် မိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်ချက်နှင့်ပတ်သက်၍ မည်သည့်အခါမှ စုံစမ်းလေ့လာခဲ့ခြင်းမရှိပေ။ ကျန်းမာရေးဝန်ကြီးဌာနသည် တခြားဒဏ်ရာသူဦးရေနှင့် မိုင်းနှင့် စစ်ပွဲအတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေကို သီးသန့်ခွဲခြားထားခြင်း မရှိပေ။[89] ၂၀၀၈ - ၂၀၀၉ ခုနှစ် ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံဆိုင်ရာ မသန်စွမ်းသူများ အခြေခံစစ်တမ်းအား ၂၀၁၀ ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့သည်။ ၎င်းစစ်တမ်းတွင် မိုင်းဒဏ်သင့် နေရာတချို့ ပါဝင်ခဲ့သည်။[90]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

မြန်မာနိုင်ငံတွင် မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးသည့်အစီအစဉ် (သို့မဟုတ်) မဟာဗျူဟာမရှိပေ။ ထိခိုက်နစ်နာခဲ့ရသူများအတွက် သီးသန့်အကူအညီပေးခြင်း၊ တာဝန်ခံဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တာဝန်ရှိသော အဖွဲ့အစည်း (သို့မဟုတ်) လုပ်ငန်းယန္တရားမရှိပေ။ ကျန်းမာရေးဝန်ကြီးဌာနသည် မသန်စွမ်းကိစ္စရပ်အတွက် တာဝန်ရှိပြီး ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် ကူညီပေးသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အသက်မွေးဝမ်းကြောင်းသင်တန်းများအတွက် တာဝန်ရှိသည်။[91]

## *ထိခိုက်နစ်နာသူများအတွက် အကူအညီပေးမှုတွင် အားလုံးပါဝင်မှု နှင့်ပူးပေါင်းဆောင်ရွက်ခြင်း*

၂၀၁၁ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူတဦးတယောက်မှ အကူအညီပေးခြင်းလုပ်ငန်းများ စီမံရေးဆွဲခြင်းတွင် ပါဝင်ခြင်း မရှိဟု သိရသည်။

---

[86] Ibid,နှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ။ www.the-monitor.org

[87] Corinne Beyer မှ အီးမေး။ နည်းပညာလက်ထောက်၊ UNHCR။ ဧပြီ ၉ ၂၀၁၂

[88] Cedric Piralla မှ အီးမေး၊ ချင်းမိုင် လက်ခွဲကိုယ်စားလှယ်။ ICRC။ မတ် ၆ ၂၀၁၂။

[89] UN လုံခြုံရေးကောင်စီ။ " မြန်မာနိုင်ငံကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။ S/2009/278, ဇွန် ၁ ၂၀၀၉။ စာ ၃၈ နှင့် ကျန်းမာရေးဝန်ကြီးဌာန။ နစ်ပတ်လည်ပြည်သူ့ကျန်းမာရေးအခြေပြစစ်တမ်းအစီရင်ခံစာ။" နေပြည်တော်။ မတ် ၂၀၁၁။ http://bit.ly/KFRmju.

[90] လူမှုဖူလုံရေးဌာန၊ "၂၀၀၈ - ၂၀၀၉ ခုနှစ် ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံဆိုင်ရာ မသန်းစွမ်းသူများအခြေခံစစ်တမ်း"။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် လက်ပလိုစီမစ်ရှင်နိုင်ငံတကာအဖွဲ့ (မြန်မာနိုင်ငံ)။ ၂၀၁၀။ ၎င်းစစ်တမ်းသည် တိုင်းပြည်အတွင်း မသန်စွမ်းဖြစ်သူများအတွက်သာ အကျုံးဝင်သည်။ မြို့နယ်အားလုံးတွင် စစ်တမ်းကောက်ယူခြင်းမရှိ။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသော ဒေသအများစုတွင်ဖြစ်သည်။

[91] အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ "၂၀၁၀ခုနှစ် နိုင်ငံများဆိုင်ရာလူ့အခွင့်အရေးလိုက်နာဆောင်ရွက်ချက်များ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ၊ ဧပြီ ၈ ၂၀၁၀။

ဝန်ဆောင်မှုအသုံးပြုနိုင်မှု နှင့် ထိရောက်မှု/ထိခိုက်နစ်နာသူများအတွက် အကူအညီပေးခြင်းလုပ်ငန်း[92]

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား | ၂၀၁၁ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ |
|---|---|---|---|
| **ကျန်းမာရေးဝန်ကြီးဌာန** | အစိုးရ | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ | မပြောင်းလဲ |
| **ကာကွယ်ရေးဝန်ကြီးဌာန** | အစိုးရ | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် | မသိရ |
| **လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန** | အစိုးရ | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြား ပေါက်ကွဲစေသော ပစ္စည်းများကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများအတွက် အတတ်ပညာသင်ကျောင်းများ | ကိန်းဂဏန်းအရေအတွက် လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိ |
| **ရွှေမင်းသား ဖောင်ဒေးရှင်း** | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသစရိတ်၊ ဆေးရုံ ဆေးခန်းသို့ ခရီးသွားစရိတ်နှင့် အစားအသောက် ထောက်ပံ့ ပေးခြင်း | ဆက်လက်လုပ်ဆောင်ဆဲ |
| **နယ်လှည့်ကျောပိုးအိတ် ဆေးတပ်ဖွဲ့ (BPHWT)** | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်း လှည့်လည် အရေးပေါ် ဆေးကုသမှု | မိုင်းထိပြည်သူများအား ကူညီမှု လျော့လာ |

92 BPHWT နှင့် အင်တာဗျူး။ မဲဆောက်။ မတ် ၄ ၂၀၁၂၊ Larry, Strattonမှ အီးမေး။ အစီရင်ခံစာထုတ်လုပ်ရေးအရာရှိ၊FBR။ ဧပြီ ၂ ၂၀၁၂၊CIDKP အင်တာဗျူး။ မဲဆောက်၊ မတ် ၁၂ ၂၀၁၁။Horie Yoshiteru၊ အထွေထွေအတွင်းရေးမှူးချုပ်၊ AAR ဂျပန်၊ ဇွန် ၁၉ ၂၀၁၂။ Cedric Pirallaမှ အီးမေး ICRC ချင်းမိုင်၊ ဇွန် ၁ ၂၀၁၁။ ICRC "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၀။" ဂျနီဗာ။ မေ ၂၀၁၁။ စာ ၂၃၃ နှင့် ICRC " နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၁" ဂျနီဗာ၊ ဇွန် ၂၀၁၂။ စာ ၂၂၆။ ၂၀၁၁ခုနှစ်အတွင်း ဘားအံ့ဌာနမှ ခြေတု ၉ ၇၆ ခုတပ်ဆင်ပေးခဲ့။ ၂၀၁၀ ခုနှစ်တွင် ၈၆၉ ခု။ Corinne Beyer မှအီးမေး။ နည်းပညာလက်ထောက်၊UNHCR၊ဧပြီ ၉ ၂၀၁၂။ UNHCR အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် Monitor မှတ်စုများမှ သတင်းအချက်အလက်များ၊ ရန်ကုန်၊ ဖေ ၂၄ ၂၀၁၂။ Yeshua Moser-Puangsuwan၊သုတေသီ၊ICBL-CMC Monitor

| | | | |
|---|---|---|---|
| **မြန်မာပြည်လွတ်မြောက်ရေး ရိန်းဂျားများအဖွဲ့ (FBR)** | ပြည်တွင်း အန်ဂျီအို | ဆေးဝါးစောင့်ရှောက်မှု၊ ရွေ့လျားဆေးကုရေးအဖွဲ့များကို လေ့ကျင့် သင်တန်းပေးခြင်း၊ ထောက်ပံ့ပေးခြင်း | ဝန်ဆောင်မှုအထောက်အပံ့ လျော့နည်းလာ |
| **နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီစောင့်ရှောက်ရေး ကော်မတီ** | လူထုအခြေပြုအဖွဲ့အစည်း | ကရင်ပြည်နယ် မူသရောမြို့နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု လက်တု ထုတ်လုပ်သည်။ | ခြေတုထုတ်လုပ်မှု အနည်းငယ် တိုးလာ။ |
| **ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန** | လူထုအခြေပြုအဖွဲ့အစည်း | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း | မသိရ |
| **ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့** | လူထုအခြေပြုအဖွဲ့အစည်း | ကရင်နီပြည်နယ် လွိုင်ကော်တွင် ခြေတုလက်တု တပ်ဆင်ပေးသည်။ | မပြောင်းလဲ |
| **ဂျပန်နိုင်ငံ အကူအညီပေးရေးနှင့် ကယ်ဆယ်ရေးအသင်း (AAR Japan)** | နိုင်ငံတကာ အန်ဂျီအို | အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်း၊ လူထုအခြေပြု ပြန်လည်ပျိုးထောင်ရေး၊ လက်လွှဲပြောင်းရေး စနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့်အရေးနှင့် စည်းရုံးလှုံ့ဆော်ရေး။ | အတတ်ပညာသင်သင်တန်းတွင် တက်ရောက်သော မိုင်းဒဏ်သင့်ဦးရေ လျော့ကျ။ |
| **ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း** | နိုင်ငံတကာ အဖွဲ့အစည်း / နိုင်ငံတော်အဖွဲ့အစည်း | ဘားအံ ခြေတုလက်တု တပ်ဆင်လေ့ကျင့်ရေးဌာန နှင့် ရပ်ဝေးဒေသများတွင် ခြေတုလက်တု တပ်ဆင်ရေးအတွက် ထောက်ပံ့ပေးသည်။ | အသက်ရှင်ကျန်ရစ်သူများ အတွက် ဝန်ဆောင်မှုများ တိုးလာ။ ကွင်းဆင်း ဝန်ဆောင်မှု ကျယ်ပြန့်လာ။ လွှဲပြောင်းမှုတွင် ၁၂ ရာခိုင်နှုန်း တိုးလာ။ အစိုးရစင်တာ ၆ ခုသို့ အထောက်အပံ့ ပြန်ပေးရန် သဘောတူညီမှု ရရှိခဲ့သည်။ |
| **UNHCR** | UN | စစ်ဒဏ်သင့်ပြည်သူများ ပြန်လည်ပြုစု ပျိုးထောင်ရေး အတွက် ဘဏ္ဍာရေးအကူအညီ၊ အသက်မွေးမှုဆိုင်ရာ | ၂၀၁၁ ခုနှစ် နှစ်လည်ကတည်းက ကရင်နှင့် မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်း တို့ ပါဝင်သော |

| | | | |
|---|---|---|---|
| | | ပရိုဂရမ်မှတဆင့် ဝင်ငွေရ လုပ်ငန်းများ | ပရိုဂရမ် |

အစိုးရကဆောင်ရွက်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးတစုံတရာ တိုးတက်ပြောင်းလဲခဲ့ခြင်း မရှိဟု သိရသည်။

*မြန်မာ့အလင်းသတင်းစာ* တွင် မိုင်း/ERW ကြောင့်ထိခိုက်ဒဏ်ရာရမှုအသစ်များအတွက် အကူအညီပေးကြောင်း ရေးသားဖေါ်ပြသည်။ တချို့ဖြစ်ရပ်များတွင် ဆေးရုံတွင် ဆေးဝါကုသခွင့်ပေးမှု ပါဝင်သည်။ သို့သော် အကူအညီပေးသည့်ပုံစံအား အသေးစိတ်ဖေါ်ပြထားခြင်းမရှိပေ။[93] ထိုင်း-မြန်မာနယ်စပ်တလျှောက် စစ်ပွဲဒေသများအတွင်း ICRC မှ အရပ်သားပြည်သူများအား အကူအညီပေးခြင်းကို ၂၀၁၁ ခုနှစ်အထိ အစိုးရက ဆက်လက်ပိတ်ပင်ထားဆဲ ဖြစ်သည်။ သို့သော် ICRC နှင့် အစိုးရအကြား ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်းဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ခြေတုဌာန ခြောက်ခုကို စတင်ထောက်ပံ့ခွင့်ပေးရန် ဆွေးနွေးမှုများ ရှိခဲ့သဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ နှင့် အောက်တိုဘာလများတွင် နည်းပညာလေ့လာရေးခရီးစဉ်များ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၂ ခုနှစ်အစောပိုင်းတွင် ICRCသည် အဆိုပါ ဌာနများအား အကူအညီ တကျော့ပြန်ပေးရန် သဘောတူညီချက် ရရှိခဲ့သည်။[94]

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအခွင့်အရေးအား ကာကွယ်စောင့်ရှောက်သော ဥပဒေမရှိပေ။[95] ကိုယ်ခန္ဓာမသန်စွမ်းဖြစ်သွားသော ပုဂ္ဂလိကဝန်ထမ်းများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုအစီအစဉ် အစိုးရတွင် မရှိပေ။ သို့သော် စစ်ပြန်ဒုက္ခိတများအတွက် ဦးစားပေးအဆင့် အကျိုးခံစားခွင့်ရှိသည်။ တသက်တာ မသန်စွမ်းဖြစ်သွားသော စစ်မှုထမ်း မဟုတ်သူများအတွက် အကျိုးခံစားခွင့်တောင်းခံခွင့် ရှိသည်။ မသန်စွမ်းသူများကို ကူညီပေးသော ဝန်ဆောင်မှုလုပ်ငန်းအတွက် ငွေကြေးမဆိုသလောက်သာ ရှိသည်။ သို့သော် အမျိုးသားလွှတ်တော်သည် မသန်စွမ်းသူများ အခွင့်အရေး ကာကွယ်ရေး ဥပဒေ တင်ပြချက်အား ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုပေးခဲ့သည်။[96]

ပထဝီတည်နေရာခြုံငုံမှုအကန့်အသတ်ရှိသော ပထမဆုံးမြန်မာနိုင်ငံဆိုင်ရာ မသန်စွမ်းသူများ အခြေခံစစ်တမ်းကောက်ယူမှု ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မသန်စွမ်းသူ ၈၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဖြစ်နေပြီး ၎င်းတို့ပညာအဆင့် အတန်းသည် အမျိုးသားယေဘုယျသတ်မှတ်ချက်အောက် ရောက်နေသည်ကို တွေ့ရသည်ဟု ဖေါ်ပြထားသည်။[97]

၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ကို သဘောတူလက်ခံခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် သဘောတူစာချုပ် အသက်ဝင်ခဲ့သည်။

**မြန်မာနိုင်ငံသားများအတွက် ထိုင်းမြန်မာနယ်စပ်နှင့် ထိုင်းနိုင်ငံအတွင်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအတွက် အကူအညီ**[98]

---

[93] ၂၀၁၁ ခုနှစ် ပြက္ခဒိန်နှစ်တခုလုံး စောင့်ကြည့်လေ့လာရေးအဖွဲ့မှ မီဒီယာစောင့်ကြည့်လေ့လာမှု။

[94] ICRC "ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ရေးအစီအစဉ်။ နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၀။" ဂျနီဗာ။ ဇွန် ၂၀၁၂။ စာ ၅၃-၅၄ နှင့် ICRC နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၁။"ဂျနီဗာ။ ဇွန် ၂၀၁၂။ စာ ၂၂၅။ Georges Paclisanu နှင့် အင်တာဗျူး။ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်။ ICRC, ဖေ ၂၄ ၂၀၁၂။ ရန်ကုန်

[95] အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ "၂၀၁၀ခုနှစ် နိုင်ငံများဆိုင်ရာလူ့အခွင့်အရေးလိုက်နာဆောင်ရွက်ချက်များ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ၊ ဧပြီ ၈ ၂၀၁၀။

[96] ၉ ရက်မြောက် ပထမအကြိမ်အမျိုးသားလွှတ်တော်၏ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေး"မြန်မာ့အလင်းသတင်းစာ။ စက်တင်ဘာ ၂ ၂၀၁၁။ စာ (၁၀)။ ဥပဒေမူကြမ်းရေးဆွဲထားပြီးခြင်းရှိမရှိနှင့်ပတ်သက်၍ အဆိုပါဆောင်းပါးတွင် ရှင်းရှင်းလင်းလင်းမတွေ့ရပေ။ လူမှုဖူလုံရေးဝန်ကြီးဌာနမှ လုပ်ငန်းဆောင်ရွက်ရန် ကိုးကားဖေါ်ပြထားသည်။

[97] ICRC "ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ရေးအစီအစဉ်။ နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၀။" ဂျနီဗာ။ ဇွန် ၂၀၁၂။ စာ ၅၃

[98] Mayuree Pewsuwan နှင့် အင်တာဗျူး, MSDHS, Sa Kaeo, ဇွန် ၇၊ ၂၀၁၂; အဲသဘော (Eh Thwa Bor) ထံမှ အီးမေးလ်, မယ်တော်ဆေးခန်း၊ မတ် ၁၃၊ ၂၀၁၂ နှင့် Lena Weller ထံမှ အီးမေးလ်, နိုင်ငံတကာ တာဝန်ခံ, နယ်စည်းမခြား အကူအညီပေးရေး ထိုင်းနိုင်ငံ ဖောင်ဒေးရှင်း, ဇွန် ၁၅ နှင့် ၂၇ ရက် ၂၀၁၂ (ဆေးခန်းမှ အကူအညီရရှိသူ

| **အဖွဲ့အစည်းအမည်** | **အဖွဲ့အစည်း အမျိုးအစား** | **လုပ်ငန်းအမျိုးအစား** | **၂၀၁၁ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ** |
|---|---|---|---|
| **ထိုင်းဆေးရုံများ** | အစိုးရ | မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့မှ မိုင်းနှင့် စစ်အတွင်း မပေါက်ကွဲ ကျန်ရစ်သည့် ပေါက်ကွဲပစ္စည်းများ ထိမှန်သူများကို ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း | ယခင်နှစ်များကထက် မိုင်းဒဏ်သင့်သူ အများအပြား ကို အကူအညီ ပေးခဲ့ |
| Prosthesis Foundation | ဒေသန္တရ NGO | ခြေတုလက်တု နှင့် အထောက်အကူပြု ပစ္စည်းများ အခမဲ့ တပ်ဆင်ပေးခြင်း | ဆောင်ရွက်ဆဲ |
| **မယ်တော် ဆေးခန်း** | ဒေသန္တရ NGO | ခြေတုလက်တုနှင့် ပြန်လည် ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှု များ၊ ထိခိုက်ဒဏ်ရာ ကုသပေးမှုနှင့် အခြား ကျန်းမာရေး ဝန်ဆောင်မှုများ | ခြေတုလက်တု တပ်ဆင်ပြီးသူ ၁၀ ရာခိုင်နှုန်း တိုးလာသည်။ |
| **ရှမ်းကျန်းမာရေးကော်မတီ** (SHC) | လူထုအခြေပြု အဖွဲ့အစည်း | ပန်မဖ၊ ဝိန်းဟိန်၊ မဲ့ဖလောင် နှင့် လွိုင်ကိုင်ဝမ် ဒေသများ တွင် ခြေတုလက်တု တပ်ဆင် ပေးသော ဝန်ဆောင်မှုလုပ်ငန်း နှင့် အခြားဝင်ငွေရလုပ်ငန်းများ | ဆောင်ရွက်ဆဲ |
| **ကရင်မသန်စွမ်းသူ စောင့်ရှောက်ရေးအသင်းမှ** | လူထုအခြေပြု | မယ်လဒုက္ခသည်စခန်း ဆေး ခန်းတွင် မိုင်းနှင့် စစ်အတွင်း | ဆောင်ရွက်ဆဲ |

အရေအတွက်သည် ၂၀၁၀ ခုနှစ်တွင် ၂၃၅ ဦးရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၂၆၀ ဦးအထိ မြင့်တက်လာခဲ့သည်။); Karl Förster ထံမှ အီးမေးလ်, ဉက္ကဌ, Between Borders (နယ်စည်းမျဉ်းများ) အဖွဲ့, ဇွန် ၁၇ ၂၀၁၂. Between Borders အဖွဲ့သည် ရှမ်းကျန်းမာရေးကော်မတီ (SHC) ကို ထောက်ပံ့မှု မပေးတော့ဘဲ ရှမ်းပညာရေးကော်မတီ (SEC) ကို ထောက်ပံ့ပေးသည်။ ထို့ပြင် ရှမ်းကျန်းမာရေးကော်မတီ၏ လုပ်ငန်းများအားလုံးကို CPI ကဲ့သို့ တခြားအဖွဲ့အစည်းများထံ လွှဲပေးခဲ့သည်။; Cresa Leonard-Pugh ထံမှ အီးမေးလ်, CPI, မေ ၂၈ နှင့် ဇွန် ၂၉၊ ၂၀၁၂; Kiman Lucas ထံမှ အီးမေးလ်, ဦးဆောင် ညွှန်ကြားရေးမှူး, CPI, ဇွန် ၂၉၊ ၂၀၁၂။ CPI သည် ယခင်နှစ်များက ဆောင်ရွက်လာသော ပရိုဂရမ်များနှင့် ပရောဂျက်အများအပြားကို ဆက်လက်ထောက်ပံ့ပေးသည်။ သို့သော် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် PM/WRA အကူအညီများ တိုးချဲ့လာသောအခါ ထိုင်းမြန်မာနယ်စပ်တလျှောက် ပရောဂျက်တချို့အပေါ် ရေတိုထောက်ပံ့မှုများ ရပ်တန့်သွားခဲ့သည်။; Alexandre Baillat ထံမှ အီးမေးလ်, ထိုင်းနိုင်ငံအခြေစိုက် ဌာန တာဝန်ခံ - မဲဆောက်။ ထိုင်းနှင့် ကမ္ဘောဒီးယားဒေသဆိုင်ရာ ပရိုဂရမ်၊ Handicap International, မဲဆောက်၊ မေ ၂၉၊ ၂၀၁၂; Cedric Piralla ထံမှ အီးမေးလ်, ချင်းမိုင် ကိုယ်စားလှယ်အဖွဲ့ခွဲ, ICRC, မတ် ၆၊ ၂၀၁၂; ICRC, "၂၀၁၀ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ," ဂျနီဗာ, မေ ၂၀၁၁, p. 278, and ICRC, "၂၀၁၁ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ," ဂျနီဗာ, ဇွန် ၂၀၁၂, p. 251 & 253. ICRC သည် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံမှ လက်နက်ထိမှန်သူလူနာ ၁၁ ဦးအား ကုသမှု ပေးခဲ့သည်။ ထိုအထဲမှ ၆၅ ဦးမှာ မိုင်းနှင့် စစ်အတွင်း မပေါက်ကွဲကျန်ရစ်သော ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူများ ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင်မူ ၄၉ ဦးကို ကုသမှု ပေးခဲ့သည်။ ဖြည့်စွက်အချက်အလက်များနှင့် အခြားဝန်ဆောင်မှုများနှင့်ပတ်သက်သော အစီရင်ခံမှုများကို ကြားခံအကူအညီပေးရေးအဖွဲ့အစည်းများထံမှ ရရှိသည်။ ထိုအဖွဲ့များက နာမည်ထုတ်ဖော်ခြင်းမပြုရန် မေတ္တာရပ်ခံထားသည်၊ ထို့အပြင် ကြီးကြပ်ရေးကွင်းဆင်းဆောင်ရွက်မှုအတွင်း ဝန်ဆောင်မှုပေးသည့်အဖွဲ့များနှင့် တွေ့ဆုံရာမှလည်း ထိုအချက်အလက်များ ရရှိခဲ့သည်။

| | | | |
|---|---|---|---|
| **တည်ထောင်ထားသော Care Villa ဆေးပေးခန်း** | အဖွဲ့အစည်း | မပေါက်ကွဲကျန်ရစ်သည့် ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့်မျက်စိကွယ်ခဲ့သူများကို အကူအညီပေးခြင်း | |
| **Clear Path International** | နိုင်ငံတကာ NGO | ခြေတုလက်တုနှင့် ပြန်လည်ပြုစု ပျိုးထောင်ရေး လုပ်ငန်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ၊ လူမှုစီးပွားရေး ပုံမှန်အခြေအနေ ပြန်ရောက်လာစေရန် အသေးစားချေးငွေလုပ်ငန်း၊ နှင့် အရေးပေါ် ဝန်ဆောင်မှုများ ဆောင်ရွက်နေသော လူထုအခြေပြုလူ့အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ခြင်းနှင့် အရည်အချင်းမြှင့်တင်ပေးခြင်း။ | ထောက်ပံ့ငွေကြေးမလုံလောက်မှုကြောင့်လူမှုစီးပွားရေးပုံမှန် အခြေ အနေပြန်ရောက်လာစေရန် အသေးစားချေးငွေထုတ်ချေးခြင်းဝန်ဆောင်မှု အနည်းငယ်လျော့ကျလာသည်။<br>ထောက်ပံ့ကြေးအဖြတ်ခံ ရခြင်းကြောင့်မယ်လဒုက္ခသည်စခန်းနှင့်လူထုအခြေပြုစာသင်ကျောင်းများကို ထောက်ပံ့မှုရပ်ဆိုင်းသွားသည်။အရေးပေါ် ဝန်ဆောင်မှုများအတွက် ကူညီထောက်ပံ့မှု အသစ်ရရှိလာသည်။ |
| **Handicap International (HI) မြန်မာနယ်စပ်လုပ်ငန်း ပရောဂျက်** | နိုင်ငံတကာ NGO | အကြောအဆစ်ကုထုံး၊ ခြေတုလက်တု၊ အထောက်အညီများ အသုံးပြုခွင့် နှင့် လူမှုရေး လုပ်ငန်းများ | ဆောင်ရွက်ဆဲ |
| **ICRC** | နိုင်ငံတကာ အဖွဲ့အစည်း | ထိုင်းဆေးရုံများတွင် ဆေးကုသမှုခံယူနေရသော မြန်မာနိုင်ငံမှစစ်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူများ အတွက်ဆေးရုံစရိတ်နှင့် ကုသမှုစရိတ်များကျခံ ပေးခြင်း | ၂၀၁၀ခုနှစ်ကထက် မိုင်းဒဏ်သင့် လူနာနှစ်ဆ နီးပါးကို အကူအညီ ပေးခဲ့သည်။ |

### မိုင်းအရေးလှုပ်ရှားဆောင်ရွက်မှုအတွက် အထောက်အပံ့များ

၂၀၁၁ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံက DKK ၂ သန်း (USD ၃၇၃ ၅၈၇)[99]၊ အမေရိကန်ပြည်ထောင်စုမှ ဒေါ်လာ ၁၈၉၁၀၆[100]နှင့် နော်ဝေနိုင်ငံမှ NOK 625623 (USD ၁၁၁၆၇၅)[101] ကူညီသဖြင့် မြန်မာနိုင်ငံအတွင်း မိုင်းအရေးလှုပ်ရှားဆောင်ရွက်မှုများအတွက် ဒေါ်လာ ၆၇၅၀၀၀ နီးပါး ရရှိခဲ့သည်။

ဥရောပလူမှုအသိုင်းအဝန်း လူသားချင်းစာနာမှုရုံး (ECHO) က မိုင်းအရေးဆောင်ရွက်မှု ဆွဲဖ်ဖောင်ဒေးရှင်း (FSD) အား ၂၀၁၁ ခုနှစ်တွင် ဘဏ္ဍာငွေထောက်ပံ့ခဲ့သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများတွင် ပရောဂျက်များ စတင်ရန် ဖြစ်သည်။[102] မြန်မာနိုင်ငံအတွက် ချပေးသော ပမာဏကိုတော့ မသိရပေ။

**၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာ အကူအညီပေးမှုများ**

| အလှူရှင် | အကူအညီပေးရေး ကဏ္ဍ | သက်ဆိုင်ရာ နိုင်ငံ၏ ငွေကြေး ပမာဏ | ပမာဏ အမေရိကန် ဒေါ်လာ (US$) |
|---|---|---|---|
| **ဒိန်းမတ်** | မိုင်းရှင်းလင်းရေး | DKK ၂၀၀၀၀၀၀ | ၃၇၃၅၈၇ |
| **အမေရိကန် ပြည်ထောင်စု** | မိုင်းသင့်ပြည်သူများအား အကူအညီပေးခြင်း၊ မိုင်းအန္တရာယ် လျော့ပါးရေး ပညာပေး | $ ၁၈၉၁၀၆ | ၁၈၉၁၀၆ |
| **နော်ဝေး** | စည်းရုံးတိုက်တွန်းရေး | NOK ၆၂၅၆၂၃ | ၁၁၁၆၇၅ |
| **စုစုပေါင်း** | | | ၆၇၄၃၆၈ |

**အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၀၇ မှ ၂၀၁၁ အထိ**[103]

| နှစ် | ပမာဏ အမေရိကန် ဒေါ်လာ (US$) |
|---|---|
| **၂၀၁၁** | ၆၇၄၃၆၈ |
| **၂၀၁၀** | ၃၆၃၉၃ |
| **၂၀၀၉** | ၇၇၉၃၉၃ |
| **၂၀၀၈** | ၁၀၂၀၁၃၄ |
| **၂၀၀၇** | ၁၈၃၈၀၀ |
| **စုစုပေါင်း** | **၂၆၉၄၀၈၈** |

**ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း မူဝါဒအကျဉ်းချုပ်**

| | |
|---|---|
| **ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဆင့်** | နိုင်ငံတော်အဆင့်မဟုတ် |
| **ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်ခြင်း** | ၂၀၁၁ ခုနှစ် (သို့) ၂၀၁၂ ခုနှစ်အစောပိုင်းတွင် မရှိခဲ့၊ |

---

[99] စောင့်ကြည့်လေ့လာရေးအဖွဲ့မှ မေးခွန်းအား Katrine Joensen မှ တုန့်ပြန်ဖြေကြားချက်။ ဌာနခွဲမှူး။ နိုင်ငံရေးဝန်ကြီးဌာန။ လုံခြုံရေးမူဝါဒဌာန။ မေ ၁ ၂၀၁၂။ ဒိန်းမတ်ငွေ ယေဘုယျလဲနှုန်း ၂၀၁၁ ခုနှစ်။ DKK 5.3535 = US$1. US ပြည်ထောင်စုဘဏ်။ "ငွေလဲနှုန်းစာရင်း (နှစ်စဉ်) ။ ဇန် ၃ ၂၀၁၂။

[100] US နိုင်ငံခြားရေးဝန်ကြီးဌာန။ "ကမ္ဘာမြေပေါ်တွင် လုံလုံခြုံခြုံလမ်းလျှောက်ခြင်း ၂၀၁၁ခုနှစ်။" ဝါရှင်တန်ဒီစီ၊ ဇူလိုင် ၂၀၁၂။

[101] စောင့်ကြည့်လေ့လာရေးအဖွဲ့မှ မေးသောမေးခွန်းအား Ingunn Vatne မှပြန်လည်ဖြေကြားချက်။ အကြီးတန်းအကြံပေး။ လူ့အခွင့်အရေးဌာန။ ဒီမိုကရေစီနှင့်လူသားချင်းစာမှုအကူအညီ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။ မတ် ၁၅ ၂၀၁၂။ နော်ဝေငွေလဲနှုန်း (၂၀၁၁ ခုနှစ်) NOK 5.6022 =US$1. US ပြည်ထောင်စုဘဏ်။ "ငွေလဲနှုန်းစာရင်း (နှစ်စဉ်) ။ ဇန် ၃ ၂၀၁၂။

[102] Carolin J. Thielking မှ အီးမေး။ Directorate for Non-Proliferation and Disarmament, ဥပရောပြင်ပရေးရာဌာန။ ဥရောပကော်မရှင်။ ဧပြီ ၁၅ ၂၀၁၂။

[103] Ibid.; စပိန် Article 7 အစီရင်ခံစာ, ဖောင် J, ဧပြီ ၃၀၊ ၂၀၁၀; နှင့် ဧပြီ ၃၀၊ ၂၀၀၉; နှင့် Mads Hove ထံမှ အီးမေးလ်, နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒိန်းမတ်၊ မတ် ၂၊ ၂၀၀၉ ; နှင့် Hanne B. Elmelund Gam ထံမှ အီးမေးလ်, လူသားချင်းဆိုင်ရာ အကူအညီပေးရေးကဏ္ဍ အကြီးအကဲ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒိန်းမတ်၊ မေ ၂၁၊ ၂၀၀၈။

## ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ[104]သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခုမဟုတ်ပေ။

၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် ပထမခြောက်လအတွင်း မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခြင်းမရှိသည့်အပြင် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများနှင့် ပတ်သက်၍ တစုံတရာ ထုတ်ဖေါ်ပြောဆိုခြင်းမရှိပေ။ ၂၀၁၀ ခုနှစ်တွင် အစိုးရသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဥပဒေရေးရာဌာနမှ သဘောတူစာချုပ်အား ပြန်လည်သုံးသပ်နေကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။[105] ၂၀၀၉ ခုနှစ်တွင် အစိုးရအရာရှိတဦးက ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ဒေသဆိုင်ရာအစည်းအဝေးတွင် "မြန်မာနိုင်ငံသည် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း မရှိသေးသော်လည်း "ထိုလက်နက်ပစ္စည်းများအား မဆင်မခြင်အသုံးပြုခြင်းကြောင့် လူသားချင်စာနာမှုနောက်ဆက်တွဲ ဆိုးကျိုး သက်ရောက်မှုများဖြစ်စေသောကြောင့် ပြစ်တင်ရှုံ့ချကြောင်း" ပြောဆိုခဲ့သည်။[106]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလို အစည်းအဝေး (Oslo Process) ၏ ဒေသဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့ပြီး ပထမဦးဆုံးအကြိမ်အဖြစ် ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများကိစ္စနှင့် ပတ်သက်ပြီး လူသိရှင်ကြား ထုတ်ဖေါ်ပြောဆိုခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ လာအိုနိုင်ငံ၊ ဗီယက်ကျင်းမြို့တွင် ကျင်းပသော ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ်အစည်းအဝေးသို့ မြန်မာနိုင်ငံက လေ့လာသူအဖြစ် တက်ရောက်ခဲ့သော်လည်း တစုံတရာ ထုတ်ဖေါ်ပြောဆိုခြင်းမရှိခဲ့။

မြန်မာနိုင်ငံသည် သမာရိုးကျလက်နက်များဆိုင်ရာ သဘောတူစာချုပ်တွင်လည်း အဖွဲ့ဝင်နိုင်ငံမဟုတ်။

## ထင်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှု၊ ထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်မှု

"မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း (သို့မဟုတ်) ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း (သို့မဟုတ်) တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစုံတဦးထံသို့ လက်လွှဲပြောင်းခြင်း၊ ယခုစာချုပ်တွင် ကန့်သတ်ထားသော လုပ်ငန်းများကို တစုံတဦးက လုပ်လာစေရန် ကူညီပေးခြင်း၊ အားပေးခြင်း (သို့မဟုတ်) မြှုဆွယ်ခြင်းများ ဆောင်ရွက်ခြင်းမရှိ။" ဟု မြန်မာနိုင်ငံက ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဖေါ်ပြောဆို ခဲ့သည်။ [107]

---

104 ၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် စစ်အအစိုးရက တိုင်းပြည်၏ အမည်နှင့်နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းပြောင်းလဲကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစုနှင့် နိုင်ငံအများစုက Burma ဟူသောအမည်ကိုသာ ပိုနှစ်သက်ကြသည်။

105 ဒေါ်အေးသန္တာညီနှင့် အင်တာဗျူး၊ လက်ထောက်ဒါရိုက်တာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ ဗီယက်ကျင်း။ နိုဝင်ဘာ ၁၀ ၂၀၁၀။

106 ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

107 Ibid.